# ဗိုးရင်ကြီး

## တင်မြှောက်ပသနည်း

နှင့်

## ရိုးရာနတ်များအကြောင်း သိကောင်းစရာ



# 'ဒို့ခေတ်မာပေ' မှ လက်လီလက်ကား ရရှိနိုင်သော စာအုပ်များ

အမှတ် ၄၉၊ ငွေလရောင်လမ်း၊ ဆရာစံတောင် (စံပြ) ရပ်ကွက်၊
(ပွတ္တလစ်) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁။ ဓမ္မစကြာ, အနတ္တလက္ခဏာသုတ်, ပဋ္ဌာန်းပါဠိတော်, ပရိတ်ကြီး (၁၁) သုတ် အသံထွက်နှင့် ပါဠိတော် (အခန့်ချုပ် ရွှေစာလုံးထိုး ကတ္တူဖုံး)
၂။ သရဏဂုံတည်ခြင်းအကျိုး
၃။ ပဋ္ဌာန်းပါဠိတော်
၄။ ဓာရဏပရိတ်တော်နှင့် ပရိမိတ္တဇာလသုတ်
၅။ ဓာရဏပရိတ်တော်နှင့် အာဋာနာဋိယသုတ်
၆။ အနတ္တလက္ခဏာသုတ် ပါဠိနိဿယ
၇။ မဟာသမယသုတ်တော်များနှင့် ပုတီးစိပ်နည်းအမျိုးမျိုး
၈။ ပဋ္ဌာန်းပါဠိတော်နှင့် ၂၄-ပစ္စည်းအဓိပ္ပာယ်အကျဉ်း
၉။ ပရိတ်ကြီးပါဠိတော် (၁၂) သုတ်နှင့် မေတ္တာဘာဝနာပွားနည်း
၁၀။ အိပ်မက်အမျိုးမျိုးနှင့် အသားလှုပ်နိမိတ်
၁၁။ လောကီပညာ ပဒေသာ
၁၂။ မာတြာဖမ်းပုံနှင့် ကလေးသူငယ်နာ ကုသနည်း
၁၃။ ငါးပါးသီလနှင့် ကိုးနဝင်းအဓိဋ္ဌာန်အောင် ပုတီးစိပ်နည်း
၁၄။ မိသားစုနေ့စဉ်သုံး ဟင်းချက်နည်းအမျိုးမျိုး
၁၅။ ရွှေတိဂုံဘုရားရှိခိုးနှင့် ဘုရားရှိခိုး အမျိုးမျိုး
၁၆။ ယသော်ဓရာ ဘုရားရှိခိုးနှင့် ဘုရားရှိခိုးအမျိုးမျိုး
၁၇။ မာရ်အောင် ဘုရားရှိခိုးနှင့် ဘုရားရှိခိုးအမျိုးမျိုး
၁၈။ လောကီရေးရာ မှတ်စရာ အဖြာဖြာ
၁၉။ မှတ်ဖွယ် မှတ်ရာ လောကီပညာ
၂၀။ ကြီးကိုးကြိုး အဓိဋ္ဌာန်နှင့် ပုတီးစိပ်နည်းအမျိုးမျိုး
၂၁။ ဦးရှင်ကြီး တင်မြှောက်ပသနည်းနှင့် ရိုးရာနတ်များအကြောင်း သိကောင်းစရာ။

အိမ်တိုင်း၌ ဆောင်ထားသင့်သော
စာအုပ် ဖြစ်ပါသည်။

# ဦးရှင်ကြီး တင်မြောက်ပ,သနည်း
# နှင့်
# ရိုးရာနတ်များအကြောင်း
# သိကောင်းစရာ

ဖြန့်ချိရေး

ဒို့ခေတ်စာပေ

အမှတ် ၄၀၊ ငွေလရောင်လမ်း၊ ဆရာစံတောင် (စံပြ)ရပ်ကွက်၊
(ဗွတ္တလစ်) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

# ဦးရှင်ကြီး တင်မြှောက်ပ,သနည်းနှင့် ရိုးရာနတ်များအကြောင်း သိကောင်းစရာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရေငန်ပိုင် ဦးရှင်ကြီး | ၃ |
| ၂။ | ဦးရှင်ကြီး ဆွမ်းပွဲပြင်ရန် | ၁၄ |
| ၃။ | ဦးရှင်ကြီးနတ်ပင့် (အုန်းရည်နှင့်ပင့်ရန်) | ၁၅ |
| ၄။ | ကျောင်းဆောင်ပေါ်ပင့်ရန်၊ ဆွမ်းကပ်ရန် | ၁၆ |
| ၅။ | ဆုတောင်း | ၁၇ |
| ၆။ | ပြန်ပို့ အတိုး | ၁၈ |
| ၇။ | မင်းမဟာဂီရိ အိမ်တွင်းနတ်မောင်နှမ | ၁၉ |
| ၈။ | အိမ်တွင်း မင်းမဟာဂီရိနတ်နှင့် အုန်းဆွဲရန် | ၂၂ |
| ၉။ | ပွှန်းမကြည့်ရှင်မ | ၂၃ |
| ၁၀။ | ကိုးကွယ်ပသနည်း | ၂၇ |
| ၁၁။ | မြင်းဖြူရှင်၊ (၁) ယမားမြင်းဖြူရှင် | ၂၈ |
| ၁၂။ | (၂) ကန္တီမြင်းဖြူရှင် | ၂၉ |
| ၁၃။ | (၃) ရွှေပြည်ကျွန်းမြင်းဖြူရှင် | ၃၀ |
| ၁၄။ | (၄) ရွှေစစ်သင်မြင်းဖြူရှင် | ၃၃ |
| ၁၅။ | မြင်းဖြူရှင်နတ် ကိုးကွယ်ပုံနှင့် တင်မြှောက်ပုံ | ၃၄ |
| ၁၆။ | မြင်းဖြူရှင်နတ်ချင်း | ၃၄ |
| ၁၇။ | မိုးခေါင်ကျော်စွာနတ် | ၃၅ |
| ၁၈။ | တင်မြှောက် ပ,သနည်း | ၃၈ |
| ၁၉။ | မိုးခေါင်ကျော်စွာ နတ်ချင်း | ၃၈ |
| ၂၀။ | နံကာရိုင်းမယ်တော် | ၃၉ |
| ၂၁။ | ကိုးကွယ်ပုံနှင့် ပ,သပုံ | ၄၂ |
| ၂၂။ | ကိုးမြို့ရှင်၊ တင်မြှောက် ပ,သနည်း | ၄၃/၄၇ |

# ဦးရှင်ကြီး တင်မြှောက်ပ,သနည်းနှင့် ရိုးရာနတ်များအကြောင်း သိကောင်းစရာ

## ဓရေနန်ပိုင် ဦးရှင်ကြီး

ရာမညတိုင်းရှိ ဟံသာဝတီ ပဲခူးမြို့တော်ကြီး၏ တစ်ခုသော ရွာငယ်၌ မွန်လူမျိုး ဖနီးမောင်နှံမှ မောင်ရှင် အမည်ရှိသော သားငယ်ကို မွေးဖွားလေသည်။ မောင်ရှင်၏ဖခင်သည် သဘာဝ တရားကို မလွန်ဆန်နိုင်ဘဲ ဘဝတစ်ပါးသို့ ကူးပြောင်းသွား၍ မိခင်ကြီးဒေါ်ဖြူကပင် သားလေးကြီးပြင်းလာအောင် တစ်ယောက်တည်း ရုန်းကန်ခဲ့ရလေသည်။

ထို့ကြောင့် သားလေးအား ပင်ပန်းလှသော လယ်ယာလုပ်ငန်းခွင်များတွင် မလုပ်ကိုင်စေဘဲ အသက် ၂၀–ပြည့်လျှင် ပဉ္စင်းအဖြစ်ကို ခံယူစေလိုသောကြောင့် မိမိ ကိုးကွယ်သော ဆရာတော်ကြီးထံ၌ အတတ်ပညာအမျိုးမျိုး သင်ယူရန် အပ်နှံလိုက်လေသည်။

မောင်ရှင်ကြီးသည် ဆရာဘုန်းကြီးထံတွင် အတတ်ပညာ အမျိုးမျိုးကို သင်ကြားပြီးနောက် ဆရာဘုန်းကြီးထံမှ ခွင့်ပန်၍ တခြားဆရာကြီးများထံမှ စောင်းအတီးပညာနှင့် အဆိုပညာများကို သင်ကြားရာ ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်၍ မိခင်ကြီးကို ပြုစုလုပ်ကျွေးရန် ရွာသို့ပြန်လာလေသည်။ မောင်ရှင်ကြီး၏မိခင် ဒေါ်ဖြူသည် ခင်ပွန်းသည် ရှိစဉ်က အဆင်ပြေခဲ့သော်လည်း ခင်ပွန်းသည် ဆုံးပါးသွားသောအခါတွင် ဒုက္ခရောက်ခဲ့ရသည်ဟု တွေးတောနေစဉ် ခင်ပွန်းကောင်းစားစဉ်က အစ်မဖြစ်သူ ဒေါ်သူထံ ချေးထားဖူးသော ဒင်္ဂါး ၃၀၀–ကို သတိရမိလိုက်သည်။ ဒေါ်သူ

မှာလည်း ယခုအခါတွင် ကြွယ်ဝချမ်းသာနေပြီဖြစ်သောကြောင့် ဒင်္ဂါး ၃၀၀–လောက်ကို ပြန်ပေးနိုင်ရာ၏ဟု တွေး၍ သား မောင်ရှင်ကို ခေါ်ကာ အစ်မဖြစ်သူထံသို့ ထွက်လာခဲ့လေသည်။

ဒေါ်သူသည် အကြွေးကို မဆပ်သည့်အပြင် အမျိုးမျိုးနှိမ့်ချ ပြောဆို၍ နှင်လွှတ်လိုက်သည့်အတွက် ဒေါ်ဖြူသည် ရှက်လည်း ရှက်၊ စိတ်လည်း နာကာ ယခင်ရွာမှ ဒလမြို့သို့ ပြောင်းရွှေ့ပြီး နေထိုင်လေသည်။ ဒေါ်သူ၏ သားဖြစ်သူ ကိုဘိုးအောင်သည် အမေက အဒေါ်ဖြစ်သူကို ပြောဆို၍ နှင်ထုတ်လိုက်သည့်အတွက် အမေအား စိတ်ဆိုးပြီး ဒေါ်ဖြူတို့ ဒလမြို့သို့ ပြောင်းရွှေ့ရာတွင် လိုက်သွားလေသည်။

ကိုဘိုးအောင်သည် မောင်ရှင်ကြီးကို ရှင်ပြုပေးချင်လှသည့် ဒေါ်ဖြူ၏ စိတ်သဘောထားအား သိရှိသည့်အတွက် တန်ခူး၊ ကဆုန်လသို့ ရောက်သောအခါ ကိုဘိုးအောင်တို့ ညီအစ်ကို နှစ်ယောက်သည် မိန်းမလှကျွန်းသို့ မျောခုတ်သွားမည့် လှေနှင့် လိုက်ရန် လှေဆိပ်သို့ ဆင်းပြီး လှေသူကြီးမင်းထံတွင် အလုပ် သွားတောင်းလေသည်။ လှေသူကြီးမင်းကလည်း လူများ လိုအပ် နေသည့်အတွက် စရန်ငွေများကိုပါ တစ်ပါတည်း ပေးလိုက် လေသည်။ မောင်ရှင်ကြီးနှင့် ကိုဘိုးအောင်တို့ ညီအစ်ကိုသည် ရရှိလာသော စရန်ငွေများကို မိခင်ကြီးအား ပေးအပ်၍ ကန်တော့ ရာတွင် ဒေါ်ဖြူသည် သားအတွက် ရှင်ပြုရန် ငွေများ ရရှိသည့် အတွက် ဝမ်းသာမိသော်လည်း မောင်ရှင်ကြီးနှင့် မခွဲစဖူး ခွဲရမည် ဖြစ်သောကြောင့် ဝမ်းနည်းသွားရှာလေသည်။

ညဘက် အိပ်သောအခါတွင် ဒေါ်ဖြူ၏ နှလုံးသည်းပွတ်ကို လုပသော နတ်ကညာများက ခွဲထုတ်ယူသွားသည်ဟု အိပ်မက်

မက်သည့်အတွက် မောင်ရှင်ကြီးကို နှိုး၍ "သားလေး–မနက်ဖြန် မျောခုတ်သွားမှာကို မလိုက်ပါနဲ့ကွယ်၊ အမေ အိပ်မက်တွေ မကောင်းဘူး သားရယ်၊ စရန်ငွေကို အမေ ပြန်သွားပေးလိုက်မယ် နော်၊ အမေ စိတ်မချနိုင်ဘူး သားရယ်၊ အမေ့အသည်းနှလုံးကို နတ်သမီးကလေးတွေက ခွဲထုတ်သွားတယ်လို့ အိပ်မက်မက်တယ်၊ မသွားပါနဲ့ သားရယ်" ဟု တားသောအခါတွင် မောင်ရှင်ကြီးက "အမေရယ်၊ အမေနဲ့သားက မခွဲစဖူးခွဲရမှာမို့ စိုးရိမ်ပြီး အိပ်မက် မက်တာ နေမှာပါ အမေရယ်၊ သားလဲလေ အပျိုချောချော လေးတွေနဲ့ ရတယ်လို့ အိပ်မက်မက်တယ်၊ အမေ စိတ်မချနိုင်ရင် ကျွန်တော့်အတွက် ဘုရားမှာ ဆုတောင်းပေးပေါ့" ဟု ပြောပြီး ပြန်၍ အိပ်ခိုင်းလိုက်သော်လည်း အိပ်မပျော်နိုင်ဘဲ မိုးလင်းခဲ့ရ လေသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ မောင်ရှင်ကြီး တို့ ညီအစ်ကိုနှစ်ယောက်သည် မိခင်ကြီးကို ကန်တော့၍ မျော ခုတ်ရန် ထွက်ခွာသွားလေသည်။ လှေသူကြီးမင်းသည် စောင်းကို ပိုက်၍ လှေဆိပ်ဆင်းလာသော မောင်ရှင်ကြီးကို မြင်သောအခါ စောင်းကိုထားခဲ့ရန် ပြောသော်လည်း မောင်ရှင်ကြီးက စောင်းသည် မိမိ၏ အသက်ဖြစ်သောကြောင့် ယူခွင့်ပြုရန် တောင်းပန်ပြီး လှေဝမ်းထဲသို့ ဆင်းလေသည်။

လှေသူကြီးမင်းသည် လှေကို ကျောက်ဆူးဖြုတ်ပြီး ထိုးဝါး များ ထိုး၍ လှော်ခိုင်းရာ လှေထိုးသားများ၏ တက်ညီလက်ညီ လှော်ခတ်မှုကြောင့် သုံးလေးရက်လွန်သော် မိန်းမ[illegible]ျွန်းသို့ ရောက်လေသည်။ လှေကြီး မိန်းမလှကျွန်းသို့ ဆိုက်ကပ်သည်နှင့် လှေသူကြီးမင်းသည် ကွမ်း၊ ဆေး၊ လက်ဖက်၊ ထန်းလျက်များကို

ကျွန်းစောင့်နတ်အပေါင်းတို့အား တင်မြှောက်ပ,သ၍ အပြစ်များ ကျူးလွန်မိပါက ခွင့်လွှတ်ပါရန် တောင်းပန်လေသည်။

ထိုသို့တင်မြှောက်ပ,သတောင်းပန်ပြီးနောက် လှေသူကြီး မင်းသည် လှေပေါ်ပါသူများအား ကိရိယာအစုံအလင် ယူစေ၍ ကျွန်းပေါ်တက်၍ မျောခုတ်ရအောင်ဟု နှိုးဆော်လိုက်လေသည်။ လှေသူကြီးမင်းသည် ကိုဘိုးအောင်ကို ခေါ်၍ မောင်ရှင်ကြီးကို ထမင်းဟင်းများ ချက်ပြုတ်ထားရန်နှင့် လှေဝမ်းထဲရှိ ရေများအား ခပ်ထုတ်ထားပါဟု ပြောပြီး ကုန်းပေါ်သို့ တက်သွားလေသည်။

ကိုဘိုးအောင်သည် လှေသူကြီးမင်း၏ သနားညှာတာမှုကို ကျေးဇူးတင်မိသော်လည်း မောင်ရှင်ကြီးအား လူသူမနီး ဤတော ကြီးတွင် တစ်ယောက်တည်း ထားခဲ့ရမည်ကို စိတ်မချနိုင်ပေ။ မောင်ရှင်ကြီးကလည်း အစ်ကိုဖြစ်သူ စိတ်မချနိုင် ဖြစ်နေသည်ကို သိ၍ မိမိအတွက် စိတ်ချရန်နှင့် ပျင်းနေလျှင် စောင်းတီးနေမည့် အကြောင်း ပြောသောကြောင့် ကိုဘိုးအောင်လည်း မျောခုတ်ရန် ထွက်သွားလေသည်။

မောင်ရှင်ကြီးသည် လှေသူကြီးမင်းက တာဝန်ပေးသော ထမင်းဟင်းများကို ချက်ပြုတ်ပြီး၍ လှေဝမ်းထဲရှိ ရေများကိုလည်း ခပ်ထုတ်ပြီးပြီဖြစ်သဖြင့် တစ်ယောက်တည်း ပျင်းလှသောကြောင့် စောင်းတီးနေလေသည်။ မောင်ရှင်ကြီး၏စောင်းသံသည် ယခင်နေ့ များကထက် ပို၍သာယာငြိမ့်ညောင်းလှသည်ကို မိမိကိုယ်တိုင် တီးနေရင်းက အံ့ဩမိလေသည်။ ထိုစောင်းသံကို ကြားရသော မိန်းမလှကျွန်းပေါ်ရှိ နတ်ညီအစ်မများမှာ အလွန်ပျော်ရွှင်၍ ကခုန်မိကြပြီး ဤစောင်းသံကိုပင် ကွယ်ပျောက်သွားမှာ အထူး စိုးရိမ်နေကြလေသည်။

ထို့ကြောင့် နတ်ညီအစ်မ လေးဖော်တို့သည် လူယောင်ဖန်ဆင်း၍ မောင်ရှင်ကြီး စောင်းတီးနေသော လှေအနီးတွင် ဈေးလာရောင်းကြလေသည်။ မောင်ရှင်ကြီးသည် စောင်းတီးနေရာမှ အသံကြား၍ လှည့်ကြည့်လိုက်ရာ လှပချောမောသော ဈေးသည်ပျိုမေများကို တွေ့လိုက်ရာ ရှေးဘဝက ရေစက်ကြောင့်ပေလော မသိ၊ မိန်းမပျိုလေးများကို မေတ္တာသက်ဝင်၍ လှေပေါ်သို့ ဈေးလာရောင်းရန် ဖိတ်ခေါ်လိုက်လေသည်။

လူယောင်ဆောင် နတ်သမီးများ လှေပေါ်သို့ ရောက်လာသည်နှင့် မောင်ရှင်ကြီးက နာမည်နှင့် ရွာအမည်များကို မေးရာ နတ်သမီးများက "အို–လုလင်ပျို၊ ဈေးဝယ်စကားကိုသာ ပြောကြားသင့်ပါတယ်၊ မဝယ်ရင်လဲ တခြားမှာ သွားရောင်းပါရစေတော့၊ ခရီးဖင့်အောင် မလုပ်ပါနှင့်" ဟု ပြောလျှင် မောင်ရှင်ကြီးက "အို–လုံမပျိုတို့ စိတ်မဆိုးကြပါနှင့်၊ ဤကျွန်းပေါ်တွင် သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးများသည် လူယောင်ဆောင်၍ လှည့်စားဖြားယောင်းတတ်ကြသည်ဟု ကြားဖူးသောကြောင့် မေးရခြင်းသာဖြစ်ပါတယ်" ဟု ပြောလျှင် လူယောင်ဆောင် နတ်သမီးများသည် မာယာသုံး၍ "အသင်လုလင်ပျို၊ ဝယ်မစားဘဲနှင့် သရဲ တစ္ဆေများဟု သံသယရှိသည်မှာ လွန်လွန်းလှပါတယ်၊ ဝယ်မစားရင်လဲ တခြားသို့သွားရောင်းပါမယ်၊ ခရီးဖင့်အောင် မလုပ်ရန် တောင်းပန်ပါတယ်" ဟုဆိုလျှင် မောင်ရှင်ကြီးက ဤမိန်းမပျိုများသည် သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးများ မဖြစ်နိုင်ရာ။ ဤကျွန်းကို စောင့်ရှောက်သော နတ်သမီးများသာ ဖြစ်နိုင်သည်ဟု တွေး၍ ချစ်ကြိုက်စကားကို ပြောကြားလေသည်။

ထိုအခါ နတ်သမီးများက မိမိတို့၏မာယာထောင်ချောက်ထဲကို မောင်ရှင်ကြီး ဝင်လာသော်လည်း "ယောကျ်ားများသည် အိုင်တွေ့တိုင်း ခြေဆေးချင်ကြသည်။ ငါးစိမ်းမြင်၍ ငါးကင်ပစ်တတ်ပါသည်၊ ထို့ကြောင့် ကျွန်ုပ်တို့ မိန်းမာသားများသည် အသင်တို့ ယောကျ်ားသားများကို ချစ်ရန် ကြိုက်ရန် ဝန်လေးလှပါသည်" ဟု လှည့်ပတ်ပြောဆိုကြသလသည်။

ထိုစကားကိုကြားသော် မောင်ရှင်ကြီးက "အသင်နှမတို့၊ ကျွန်ုပ်တို့ ယောကျ်ားသားများသည် ထားအပ်သော သစ္စာ၊ ပေးထားသော ကတိစကားများကို ဖောက်ဖျက်ရိုးထုံးစံမရှိပါ၊ အသင်နှမတို့ ယုံကြည်မှု မရှိလျှင် ကျွန်ုပ်၏ အသက်ကိုပါ ပေးရန်အသင့်ရှိပါသည်ဟု ကတိစကားကို ပြောလေသည်။ ထိုသို့ ကတိစကားကို ကြားရပြီးမှ နတ်သမီးတို့က မောင်ရှင်ကြီးအား ချစ်ကြိုက်စကားကို ပြန်လည်ပြောဆိုလေသည်။ မောင်ရှင်ကြီးနှင့် နတ်သမီးတို့သည် ကခုန်ပျော်ရွှင်တီးမှုတ်ပြီးနောက် နတ်တို့၏ တန်ခိုးနှင့် ထမင်းဟင်းများကို ချက်ပြုတ်၍ လှေဝမ်းထဲရှိ ရေများကိုလည်း ခပ်ထုတ်ပေးသည်မှာ မောင်ရှင်ကြီးတို့ လှေဆိုက်ကပ်သည့်နေ့မှ စသောကြောင့် ရက်အတော်ပင် ကြာခဲ့လေသည်။

လှေသူကြီးမင်းနှင့် လှေထိုးသားများသည် ယခင်နေ့ရက်များတွင် အပြန်နောက်ကျ၍ ပင်ပန်းပြီး သတိမထားမိသော်လည်း ယနေ့တွင် စောစောပြန်ရောက်လာသောကြောင့် ထမင်းဟင်းများကို သတိထားမိကြကာ မောင်ရှင်ကြီးကို မေးမြန်းသော်လည်း မပြောသောကြောင့် လှေသူကြီးမင်းနှင့် လှေထိုးသားများသည် မျောခုတ်ချင်ယောင်ဆောင်၍ ပြန်ချောင်းကြည့်ရာတွင် မောင်ရှင်ကြီးနှင့် နတ်သမီးများ၏ အကြောင်းကို သိရှိရလေသည်။

ထိုအခါ လှေသူကြီးမင်းက မျောထုံးများကို လှေပေါ်သို့ တင်ခိုင်းပြီး ရသမျှနှင့် ကျေနပ်ရန် ပြောကာ လှေကို ကျောက်ဆူး နုတ်၍ ထိုးဝါးများဖြင့်ထိုးကာ ပြန်ကြလေသည်။ မောင်ရှင်ကြီး တို့လှေ ထွက်သွားသည်ကို နတ်သမီးများက ကြည့်၍ ဝမ်းနည်းစွာ ငိုကြွေးကြလေသည်။ နတ်သမီးများက မောင်ရှင်ကြီးကို ဤကျွန်း တွင် အမြဲနေစေလိုလှသည်။

ထို့ကြောင့် မောင်ရှင်ကြီးတို့လှေကြီး ရေလယ်၌ ရပ်သွား စေရန် တပည့်များကို ဆွဲခိုင်းလိုက်လေသည်။ မောင်ရှင်ကြီးတို့ လှေကြီးသည် သွားနေရာမှ ရေလယ်သို့ ရောက်သောအခါတွင် မည်သို့မျှ လှော်ခတ်၍ မရတော့ဘဲ ရပ်သွားလေသည်။

ထိုသို့ လှေကြီးရပ်သွားရသည်မှာ လှေပေါ်တွင် ကျွန်းပိုင် သခင်မများကို စော်ကားသူ လူယုတ်မာ ပါလာသောကြောင့် ဖြစ်ရမည်ဟု ပြော၍ မဲနှိုက်ပြီး ရွေးချယ်ရာတွင် မောင်ရှင်ကြီး မဲကျလေသည်။ မောင်ရှင်ကြီးသည် လူယုတ်မာမဲကျသောကြောင့် ရှက်လည်း ရှက်၊ သေဘေးကိုလည်း ကြောက်လှသောကြောင့် သည်းထန်စွာ ငိုကြွေးလေသည်။ လှေသူကြီးမင်းကိုလည်း သူ့ကို ရေစာ မကျွေးရန် တောင်းပန်လေသည်။ သို့ရာတွင် လှေသူကြီး မင်းက "မင်းတစ်ယောက်ကြောင့် တစ်လှေလုံး အသေမခံနိုင်ဘူး၊ မင်း မဲကျလို့ မင်းအလှည့်၊ ငါ မဲကျခဲ့ရင်လဲ ငါ့အလှည့်ပဲ၊ ဘယ်သူ့ကိုမှ မသနားနိုင်ဘူး" ဟု ပြောရာ၌ ကိုဘိုးအောင်သည် အဒေါ်ဖြစ်သူ ဒေါ်ဖြူကို မြင်ယောင်လာပြီး ဝမ်းနည်းလာကာ "ဒီလိုဆိုလဲ ဦးမင်းရယ်၊ ညီလေးအစား ကျုပ်ကို ... ရေစာကျွေး လိုက်ပါတော့၊ မောင်ရှင်ကြီးကို လွှတ်ပေးလိုက်ပါ ဦးမင်းရယ်၊ မိဘကိုလုပ်ကျွေးနေတဲ့ သားလိမ္မာလေးပါဗျာ" ဟု ငိုယိုတောင်းပန်

သောကြောင့် လှေသူကြီးမင်းလည်း သနားသွားပြီး တစ်ကြိမ်တစ်ခါ မဲကျရုံလောက်နှင့် ရေမှာ မစတေးသင့်၊ သုံးကြိမ်သုံးခါကျမှသာ ရေမှာ စတေးရမည်။ ဒါကြောင့် နောက်ထပ် နှစ်ကြိမ် မဲနှိုက်ကြစို့ဟု ပြောပြီး မဲနှိုက်ရာတွင် နတ်သမီးများ၏ လုပ်ဆောင်မှုကြောင့် မောင်ရှင်ကြီးသာလျှင် မဲကျလေသည်။

ထိုအခါ မောင်ရှင်ကြီးက "ကျွန်တော်၏အတိတ်ဘဝကံကြောင့် ခံရပါတော့မည်၊ ဘယ်သူ့ကိုမှ အပြစ်မတင်လိုပါ၊ အစ်ကိုဘိုးအောင်ကို အထူးမှာလိုတာကတော့ အမေ လိုက်လာလျှင် ကျွန်တော့်နာမည်ကို တ,လိုက်သည်နှင့် လူတစ်ပိုင်း နတ်တစ်ပိုင်း ရုပ်သွင်နှင့် ဆောင်းကို ပိုက်ကာ ကိုယ်ထင်ပြပါမယ်၊ ယခုကဲ့သို့ ကျွန်တော် ရေစာကျွေးခံရသော်လဲ နတ်ဘဝတွင် နတ်ကညာများနှင့် ပျော်ရွှင်စွာ နေရပါလိမ့်မယ်၊ အစ်ကိုဘိုးအောင်နှင့်တကွ လှေပေါ်ပါသောသူအားလုံး အိမ်အပြန်ခရီးတွင် ကျန်းမာချမ်းသာစွာနှင့် ချောချောမောမောပြန်ရောက်ပါစေလို့ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ်၊ အစ်ကိုဘိုးအောင်နှင့် လှေသူကြီးမင်းတို့က အမေ့ကို ကျွန်တော် မှာတဲ့အတိုင်းသာ ပြောလိုက်ကြပါ" ဟု မှာကြားပြီးနောက် လှေထိုးသားများက ရေထဲသို့ တွန်းချလိုက်ရာ ဖြုန်းခနဲ မြုပ်သွားပြီး ဘွားခနဲ ပေါ်လာရာ အလွန်လှပသော နတ်သမီးများက ပွေ့ချီသယ်ဆောင်သွားသည်ကို လှေပေါ်ရှိသူအားလုံး တွေ့လိုက်ရလေသည်။ ထိုသို့ မောင်ရှင်ကြီးကို ရေစာကျွေးလိုက်မှ လှေကြီးသည် လှေမလှော်ရဘဲ အလိုအလျောက်ရွေ့သွားလေသည်။

ဤတွင်မှ မောင်ရှင်ကြီးကို 'ဦးရှင်ကြီးနတ်'ဟု ခေါ်လာကြလေသည်။ ၎င်းကို 'ကျွန်းညိုရှင်'ဟုလည်း ခေါ်ကြသေးသည်။

နတ်သမီးတို့သည် နတ်တို့၏တန်ခိုးဖြင့် လှပသော ပန်းသလွန်နှင့် နတ်ကွန်းကြီးကို ဖန်ဆင်း၍ ဦးရှင်ကြီးကို ပန်းသလွန်ပေါ်၌ အိပ်စက်အနားယူစေသည်။ ဦးရှင်ကြီး အိပ်ရာမှ နိုးလာသောအခါ မိမိမည်ကဲ့သို့ ဖြစ်ပျက်လာသည်ကို ပြန်စဉ်းစားရာ အကြောင်းစုံကို သိရှိပြီးနောက် မိခင်ကြီးအတွက် ဝမ်းနည်းပူဆွေးပြီး ငိုကြွေးလေသည်။ ဦးရှင်ကြီး ငိုကြွေးသည်ကို မြင်ရသောအခါ နတ်သမီးများသည် ဦးရှင်ကြီးကို အမျိုးမျိုးတောင်းပန်ကြလေသည်။ ဦးရှင်ကြီးကလည်း လူမိန်းမများထက် များစွာလှပသော နတ်သမီးများ၏ တောင်းပန်စကားကို ကြားရသောအခါ စိတ်မဆိုးဘဲ မေတ္တာသက်ဝင် အထူးချစ်ခင်လာလေသည်။ နတ်သမီးများကလည်း ဦးရှင်ကြီးကို ဤကျွန်းကြီးနှင့်တကွ ရေငန်တစ်ရိုးပိုင်စိုးရန် ပြောကြား၍ ဦးရှင်ကြီးနှင့် နတ်သမီးများသည် ကကြ ခုန်ကြနှင့် ပျော်ရွှင်စွာ နေထိုင်ကြလေသည်။

ထိုအချိန်တွင် ဦးရှင်ကြီး၏မိခင် ဒေါ်ဖြူမှာကား သားလေး မျောခုတ်သွားသည့်နေ့မှစ၍ ညစဉ်တိုင်းပင် မကောင်းသော အိပ်မက်များကို မက်နေသဖြင့် သားအတွက် စိတ်မအေးနိုင်ဘဲ သားပြန်လာမည့်လမ်းကိုသာ မျှော်နေရှာသည်။

ကိုဘိုးအောင်တို့ လှေကြီးသည် တအိအိနှင့် လှော်ခတ်လာရာ ဒလမြို့ ဆိပ်ကမ်းသို့ ရောက်လာလေသည်။ ကိုဘိုးအောင်သည် တစ်လမ်းလုံး ငိုလာရာ ဆိပ်ကမ်းသို့ရောက်သည့်အခါတွင် ညီဖြစ်သူ မောင်ရှင်ကြီးကို ပို၍ သတိရမိပြီး ဒေါ်ဖြူ၏အိမ်သို့ ပြေးသွားလေသည်။ ဒေါ်ဖြူသည် မိန်းမလှကျွန်းသို့ မျောခုတ်သွားသည့် လှေကြီး ဆိပ်ကမ်းသို့ ပြန်ကပ်လာသည်ဟု သတင်းကြားရသည်နှင့် ဝမ်းသာအားရ အပြေးလာကြိုရာတွင် လှေသူကြီး

နှင့်တကွ လှေပေါ်ရှိလူအားလုံး ဆင်းသွားသော်လည်း သားဖြစ်သူ မောင်ရှင်ကြီးကို မတွေ့မိပေ။

ထိုအချိန်တွင် လှေသူကြီးမင်းနှင့် လှေထိုးသားများသည် မိမိဆီသို့ လာနေသည်ကို ဒေါ်ဖြူက မြင်သောကြောင့် ကိုဘိုးအောင်အား အကျိုးအကြောင်းမေးရာ ကိုဘိုးအောင်မှ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သဖြင့် ဒေါ်ဖြူသည် အော်ဟစ်ငိုကြွေးကာ သတိလက်လွတ်မေ့မြောသွားလေသည်။ ဒေါ်ဖြူကို သတိရလာအောင် ဝိုင်းဝန်းပြုစုပြီးနောက် ဒေါ်ဖြူ သတိရသောအခါတွင် ငိုနေပြန်သောကြောင့် ကိုဘိုးအောင်က ဒေါ်ဖြူအား မောင်ရှင်ကြီးအတွက် သံဃာတော်များ ပင့်၍ အမျှအတန်းဝေရန် အကြံပေးစကား ပြောကြားလေသည်။ ထို့ကြောင့် ဒေါ်ဖြူသည် လှေသူကြီးမင်းအား သားလေး ရေနစ်သေဆုံးသည့်နေရာကို လိုက်ပို့ပေးရန် ပြောကြားရာတွင် လှေသူကြီးမင်းသည် မလိုက်လိုသော်လည်း မိမိ၏လှေနှင့်သွားစဉ် ဖြစ်ခဲ့သည့်အတွက် အခကြေးငွေ မယူဘဲ လိုက်ပို့လေသည်။

ဦးရှင်ကြီးသည် ကိုဘိုးအောင်နှင့်တကွ ကျေးရွာရှင်မိခင်ကြီးကိုပါ တွေ့လိုက်ရသည့်အတွက် နတ်ကညာများနှင့် မပျော်နိုင်တော့ဘဲ ဝမ်းနည်းလှစွာ ငိုကြွေးလေသည်။ မိခင်ကြီးကလည်း သားနာမည်ကို တကြော်ကြော်ခေါ်၍ ငိုကြွေးလေသည်။ ထို့နောက် သား မောင်ရှင်ကြီး ရေနစ်သေဆုံးသည့်နေရာတွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းကပ်၍ အမျှအတန်းဝေရာ ဦးရှင်ကြီးနှင့်တကွ နတ်သမီးများသာမက ကျွန်းပေါ်ရှိ သရဲ၊ တစ္ဆေ၊ ပြိတ္တာနှင့် မြေဖုတ်ဘီလူး စသော တပည့်များကပါ သာဓု သုံးကြိမ် ခေါ်ကြလေသည်။

ဒေါ်ဖြူသည် သူ့သား မောင်ရှင်ကြီး ရေနစ်သေဆုံးသည့် နေရာတွင် ထားခဲ့ရန် ပြောသောအခါ လှေသူကြီးမင်းက "ဒေါ်ဖြူရယ်–ကိုယ့်စိတ်ကို ကိုယ်ထိန်းပြီး တရားနဲ့ဖြေပါဗျာ၊ သေသွားတဲ့သူကလဲ ပြန်မရှင်နိုင်ပါဘူး၊ ခင်ဗျားရဲ့ စိတ်ကို မဖြေနိုင်ရင် မောင်ရှင်ကြီး ကြိုက်တတ်တဲ့ အစားအသောက်များကို လင်ပန်းထဲ ထည့်ပြီး ကျွေးမွေးပြီး ကျုပ်တို့ ပြန်ကြပါစို့ဗျာ" ဟု အကြံပေးသည့်အတိုင်း ငှက်ပျောသီး၊ အုန်းသီး၊ လက်ဖက်၊ ကွမ်းယာ၊ ထန်းလျက်များကို ကျွေးလေသည်။

ဦးရှင်ကြီးလည်း လှေဦးတွင် မားမားမတ်မတ် ကိုယ်ထင်ပြ၍ စားသောက်ကာ အမေဖြူအား နှစ်သိမ့်အားပေးပြီး "အမေ စိတ်ချမ်းချမ်းသာသာနှင့်ပြန်ပါ၊ ကျွန်တော့်ကိုလွမ်းရင် ကျွန်တော် ကြိုက်တတ်တဲ့အစားအစာများနှင့် ဝါဝင်ဝါထွက်များတွင် နံနက်ပိုင်း၊ ညဉ့်ဦးပိုင်းအချိန်များ၌ ကျွန်တော့်ကို တင်မြှောက်ပသပြီး ကျွေးပါက နတ်မိကျောင်းစီးပြီး လာရောက်ပါမည်၊ ယခုတော့ အမေနှင့် ကျွန်တော်ဟာ ဘဝချင်း ခြားသွားလို့ အတူတူနေချင်သော်လည်း နေလို့မရပါ" ဟု ပြောကြားပြီး ဦးရှင်ကြီးနတ်လည်း ကွယ်ပျောက်သွားလေသည်။

ဒေါ်ဖြူသည် သားကို သတိရ၍ သားမှာထားသည့်အတိုင်း ပင် ကျွေးမွေးရာ ဦးရှင်ကြီးလည်း လာရောက်စားသောက်ပြီး နတ်မိကျောင်း စီး၍ စောင်းကို ပိုက်ကာ ပြန်သွားလေသည်။ ဒေါ်ဖြူသည် ဦးရှင်ကြီးနတ်၏ ကူညီမှုကြောင့် ပင်ပင်ပန်းပန်း မလုပ်ကိုင်ရဘဲ ငြိမ်းအေးချမ်းသာစွာ နေ၍ တရားအလုပ်ကို ကြိုးစားလုပ်ကိုင်လေသည်။ ဒေါ်ဖြူ၏ အိမ်နီးနားချင်းများသည် သူတို့လည်း ဦးရှင်ကြီးနတ်ကို ပူဇော်ပ,သလိုပါသည်ဟု ပြောသဖြင့်

ဦးရှင်ကြီး နတ်တင်ပုံ တင်နည်းကို ဒေါ်ဖြူကပင် ပြောပြလေသည်။ ထိုအချိန်မှစ၍ ဒလမြို့တွင်းသာမကဘဲ တခြားမြို့ရွာများသို့ပါ ဦးရှင်ကြီးနတ်အကြောင်း ပျံ့နှံ့သွားလေသည်။ ဦးရှင်ကြီးနတ်သည် စီးပွားရေးသာမကဘဲ ကျန်းမာရေးနှင့် တခြား ကုန်ရောင်းကုန်ဝယ်ကိစ္စများကိုပါ ကူညီမ,စသည်ဟု ယုံကြည်ကြသောကြောင့် ယခုဆိုလျှင် တရုတ်၊ ကုလား စသော လူမျိုးကွဲများကပါ ယုံယုံကြည်ကြည်နှင့် ကိုးကွယ်လာကြသည်။ တချို့ကညပိုင်းတွင် တင်မြှောက်ပြီး တချို့မှာ မနက်ပိုင်း၌ တင်မြှောက်ကြလေသည်။

## ဦးရှင်ကြီး ဆွမ်းပွဲပြင်ရန်

လေးတိုင်စင်တွင် သပြေပန်း၊ အုန်းလက်၊ နှင်းဆီပန်းများကိုထိုးပါ။ အပေါ်တွင် နှစ်ပွဲပေးရပါသည်။ အုန်းရည်ကို ဖန်ခွက်၌ထည့်၍ ဦးရှင်ကြီးကို ကပ်ပါ။ ဦးရှင်ကြီးပွဲအတွက် ကောက်ညှင်းကို အလယ်တွင် ထားပြီး ဘေးဘက်များမှ ငှက်ပျောသီးအခွံနွှာပြီးသား တစ်လုံးစီထား၍ ၎င်းငှက်ပျောသီးပေါ်တွင် ဖယောင်းတိုင်တစ်တိုင်စီ ထွန်းညှိပါလေ။ ကောက်ညှင်းပေါ်မှ ဆီနှင့် ဆားမထည့်ထားသော လက်ဖက်အသုပ်ချည်း အနည်းငယ်နှင့် ဆားမထည့်ထားသော အုန်းသီးဖတ်လေးများကို ကောက်ညှင်းပေါ်တွင်ဖြူးပါ။ ကွမ်းယာကို ကွမ်းသီး၊ ထုံး၊ ဗမာဆေးအနည်းငယ်ထည့်၍ ကွမ်းရွက်ကို အညှာမချွေ ထိပ်မဆိတ်ဘဲ ယာပြီး ကောက်ညှင်းဝန်းကန်တွင် ထိုးပါ။ ဤပွဲအတိုင်း ဦးရှင်ကြီး၏ တပည့်များအတွက် တစ်ပွဲပြင်ပေးပါ။

အောက်ပွဲသည် အဘိုးအတွက်ဖြစ်၍ တစ်ပွဲသာ ပေးရပါသည်။ ပန်းကန်ပြားအကြီးတစ်ချပ်၏အလယ်တွင် ကောက်ညှင်းထည့်၍ ဘေးတစ်ဖက်စီတွင် ငှက်ပျောသီးနှစ်လုံး အခွံနွှာပြီးထားပါ။ ကောက်ညှင်းပေါ်တွင် ဆားနှင့် ဆီ မထည့်ထားသောလက်ဖက်အသား အနည်းငယ်နှင့် ဆားမထည့်ထားသည့် အုန်းသီးဖတ်လေးများကို ဖြူးပေးပါ။ ငှက်ပျောသီး နှစ်လုံးပေါ်တွင် ဖယောင်းတိုင်တစ်တိုင်စီ ထွန်းညှိပြီး ကွမ်းယာကို ကွမ်းသီး၊ ထုံး၊ ဇမာဆေး အနည်းငယ်ထည့်၍ ကွမ်းရွက်ကို အညှာမချွေထိပ်မဆိတ်ဘဲ ယာပြီး ကောက်ညှင်းပန်းကန်တွင် ထိုးပါ။

အဘိုးကို တင်ရာတွင် "အဘိုး" ဟု သုံးခါ ကျယ်ကျယ်ခေါ်ရသည်ဆိုသည်မှာ အဘိုးသည် အသက်ကြီး၍ နားလေးသောကြောင့်ဟု ကြားဖူးပါသည်။

## ဦးရှင်ကြီးနတ်ပင့် (အုန်းရည်နှင့် ပင့်ရန်)

ရေငန်တရိုး ပိုင်စံငယ်စိုး တန်ခိုးထင်ပေါ် အောက်ခရိုင်တစ်ဝိုက် ကျောက်တိုင်စိုက် သမိုက်မှာကျော် နတ်မော်ဘုရင်ဘုပထဗျာသိုး လူတကာ မှီးရပါတဲ့ စောင်းတော်ကြီးသခင်နတ်ဦးရှင်ခင်ဗျား။

ဆွမ်းဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဆွမ်းများဆက်ကပ်လိုပါသဖြင့် အရှင်သခင်နှင့် အပေါင်းတပည့်ပါ မြန်မကြာ ကြွရန်ဖို့ ပန်ထွာသ၍ ပင့်လျှောက်လိုက်ပါသည်။ ကွန်းခိုရာ ကျွန်းညှိုရပ်က တပည့်စုံ အကုန်မလပ်ပါဘဲ ပင့်အပ်သည့်ရိပ်ခန်းဝါသို့ ပါဒေတော်ဆင့်တန်း၍ လှမ်းကြွတော်မူပါ စောင်းတော်ကြီးသခင် နတ်ဦးရှင်ခင်ဗျား။

## ကျောင်းဆောင်ပေါ် ပင့်ရန်

စံရာကသိုင်း မြန်မာတိုင်း တလိုင်းသုံးရပ် မုတ္တမကျော်လှိုင် မော်လမြိုင် ထားဝယ် တစ်သွယ် ရေး မြိတ် ကုလားထိပ်မော်တင် ပင်လယ်ကျောက်ဖြူ ဇမ္ဗူမတိမ် ပုသိမ် မြောင်းမြ ဒလမကျန် တစ်ဖန်ပဲခူး မြို့ရိုးမြို့တာ ဥက္ကလာပ နဂရ ရန်ကုန် မြစ်ဆုံကြေညာ ဧရာဝတီ နဒီဖြတ်သန်း ရေစာရင်းညှိလိုက်တော့ ရေကင်းအထိ ကျောက်တိုင်စိုက်ပေသော အောက်ခရိုင်တစ်ဝိုက် ရေကြောင်း ဆိုသည့် ရွှေကျောင်းပိုင် ကျွန်းညိုလှဆီသို့ ညွန်းဆိုသ ရည်မှန်း မျှော်ပြီး ဤဆွမ်းတော် ထန်းလျက် ကောက်ညှင်း သန့်ရှင်းစင်စွာ အုန်း, ငှက်ပျော, ကွမ်းယာ, လက်ဖက်တို့နှင့် (-------သားနှင့် --------နေ့သမီး)တို့က အကောင်းဆုံး နှောတင်ချို၍ မနှော ရှင်ကြည် အလီလီကန်တော့ပြီး တင်မြှောက်ဆက်ကပ်ပါသည်။ ကွန်းစင်ပေါ် နန်းကနက်သို့ လှမ်းတက်တော်မူပါ ဒေဝါသခင် နတ်ဦးရှင်ခင်ဗျား။

## ဆွမ်းကပ်ရန်

မိန်းမလှခေါ်ဆို မြတ်ကျွန်းညိုတွင် လှုဗိုလ်အပေါင်း ၆,ဝပ် ညောင်းရသော ရွှေစောင်းတော်သခင် နတ်မျိုးရှင်ဘုရား။

အစဉ်ရှေးက ရာမညတိုင်း မွန်, တလိုင်းတို့ ညွတ်တိုင်း ပ,သပ္ပဇော်ကြသဖြင့် ကွင်းပ,ဘေးဒဏ် ခပ်သိမ်းရန်ကို အမှန် ကင်းပျောက် စောင့်ရှောက်တတ်စွာ ကြီးတော်ဖြင့် အာဏာတန်ခိုး ဒိဗရေတို့၍ ဝေဖြိုးရောက်ရာ မြန်နဂရာတွင် မှန်စွာ စိုးလျက် ရှေးရိုးအစဉ် သက်သက်မှမသုံး မြတ်နှလုံးဖြင့် ပြည်လုံးတင့်၍ အောက်ခွင်ခရိုင် မိန်းမလှခေါ်ညွှန်း စံတော်ကွန်းက ကျွန်းညို လုံးပိုင်ခင်ဗျား။

ရသာအမြတ် ဖြူစင်လတ်သည့် နတ်ကောက်ညှင်းနှင့် သန့်ရှင်းသေချာ အုန်း,ငှက်ပျောတွဲ ကန်တော့ပွဲ ဆင်နွှဲကာဖြင့် ဖြူးကာ ပေါက်ပေါက် လက်ဖက် ရွှေဖီ ဆားမသိ ဆီမနှောဘဲ မောက်မောက်စုပုံ ရိုးရွက်မြညှာ ကွမ်းနုဝါယာတော်စုံတို့ဖြင့် မွှေးထုံပျံ့သင်း ဒေါနသဇင် ပန်းတော်ဝင်တို့ကို စီရင်ခင်းလျက် လျှံဝင်းဆီမီး ထိန်ထိန်ညီးလို့ ကျောင်းကြီးဝိဟာ နိမ့်မြင့်မယွင်း ပွဲစုံကျင်း၍ သန့်ရှင်းစွာဖြင့် ဆွမ်းဒါယကာ မိသားတစ်စုတို့က တင်မြှောက်ပါသည် ကျွန်းညိုမြ နတ်ကွန်းဆီက တပည့်အပေါင်း အဖော်တစ်စုတို့နှင့် စောင်းတော်ကို လက်တော်က ဆွဲ၍ ကြွ လှမ်းကာ ဘုဦးပေးသုံးဆောင်တော်မူပါ ကျွန်းညိုသခင် နတ်ဦးရှင် ခင်ဗျား။

## ဆုတောင်း

ပင်လယ်သီခေါင် ကျွန်းညိုဘောင်တွင် ဂုဏ်ရောင်လျှံညီး မပြတ်အစဉ် ဒြပ်ရှင်ပေသည့် နတ်အရှင်ကြီးခင်ဗျား။

ဆွမ်းမြတ်ဘောဇဉ် နတ်ကွန်းစင်ကို ပြုပြင်ပ,သပါသည် ဘယအန္တရာယ် နတ်တန်ခိုးနှင့် ဘေးမျိုးကိုပယ် ရေဝယ်ကြာသို့ လန်းပါစေ။ မကောင်းအိပ်မက် မကောင်းငှက်နှင့် ဖုတ်, ပြိတ္တာ, တစ္ဆေ, ကျား,မြွေ,မိကျောင်း မကောင်းဉပါဒါန် နတ်တိုက်ရန်ဘေး ကင်းဝေးစေဖွယ် ဘုရားဂုဏ်ပေါင်း အရှင်မျက်စောင်းနှင့် မကောင်း သမျှပယ် လနှယ် ရေလို အေးပါစေ၊ ခြောက်ပါး ကိုးဆယ် အန္တရာယ်ကို ဖယ်နိုင်သမျှ သိကြားလက်နက် နဝ[illegible]စက်နှင့် ဖျက်ကာ ချသကဲ့သို့ ကင်းပပေါ့စွာ ဘေးဘယာလည်း ကင်းရှင်း ကွာလိမ့် ထိုအတိတ်နှင့် ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာပါစေတော့။

ရွှေငွေပေါစွာ လာဘ်မိုးရွာလျက် ကြင်နာမဆိုင်း လူမြင်တိုင်းက မှိုင်းမစေတနာ ထားပါစေသော်။ သို့ပင်အကြောင်း ဆုပတ္ထနာနှင့် လိုရာကို တောင်းပါသည် ရွှေစောင်းဘော်သခင် နတ်ဦးရှင်ခင်ဗျား။

## ပြန်ပို့

ကျွန်းအရှင်ကို ဆွမ်းတင်လို့ ပြီးပါပေါ့. ကျွန်းညိုကြီးရှင် ဒီရေယာဉ်သို့ လျင်မကြာ ခြေတော်တင်လျက်. ငွေသဇင် ရွှေကြည်သာသည့်လမ်းကို နတ်နန်းပျော် စောင်းတော်မ,ပြီး အပေါင်း အဖော် တပည့်အပေါင်းတို့နှင့် ကျွန်းညိုဆီသို့ ကြွတော်မူပါ ရေငန်တစ်ရိုး ပိုင်အုပ်စိုးပါတဲ့ ဒေဝါသခင် နတ်ဦးရှင်ခင်ဗျား။

## အဘိုး

ခုနှစ်သက္ကရာဇ်နှင့် ရွာအမည် အတိအကျမသိရသော မွန်လူမျိုး၊ ဘိုးထော်ကရင်၊ ဗမာကရင်လူမျိုး (အပိုး)သည် တံငါ၊ မုဆိုးအလုပ်နှင့် အသက်မွေးလေသည်။ နတ်ဘဝသို့ မရောက်မီ လူ့ဘဝကပင် ရပ်ရွာ၌ နတ်ကနားပေးသောအခါ အဘိုးအတွက် တစ်ပွဲပေးကြသောကြောင့် 'တစ်ပွဲစား အဘိုး' ဟု ဆိုကြသည်။

အဘိုးသည် နောက်ပါ လူများနှင့် တောထဲသို့ အမဲပစ် သွားစဉ် လူအများ၏ ရှေ့မှာပင် ကွယ်ပျောက်သွားပြီး နတ်ဘဝ ရောက်သွားသည်ဟု ဆိုကြသည်။

အဘိုးသည် ပင်လယ်ပိုင်းတွင် အထူးထင်ရှား၍ ရေလမ်း သွား ခရီးသည်များက ရှိခေါစွာ တင်မြောက်ပ,သကြသည်။

ရေငန်ပိုင်ဦးရှင်ကြီးတင်သောအခါ အဘိုးအတွက် အောက်ပွဲ တစ်ပွဲတင်ပြီး "အဘိုး" ဟု ကျယ်လောင်စွာ သုံးကြိမ်အော်ခေါ်ပြီး တင်မြှောက်ကြသည်။ အဘိုးသည် အသက်ကြီး၍ နားလေးသောကြောင့် အော်ပြီး တင်မြှောက်ကြခြင်းဖြစ်သည်။

## မင်းမဟာဂီရိ အိမ်တွင်းနတ်မောင်နှမ

တကောင်းပြည်တွင် ပန်းပဲအလုပ်ဖြင့် အသက်မွေးသော ဦးတင့်တော်နှင့် ဒေါ်နော်တို့မှ မောင်တင့်တယ်၊ မမြတ်လှ၊ မဒွေးဖြူ ဟု ဆိုသော သားသမီးသုံးယောက် ထွန်းကားလေသည်။ မောင်တင့်တယ်သည် ခွန်အားဗလကြီးမား၍ လူချစ်လူခင်ပေါများလှသောကြောင့် တကောင်းမင်းကြီးကို မှူးမတ်များက ထီးနန်းလုမည်ဟု လျှောက်တင်ကြသောအခါ မောင်တင့်တယ်အား ဖမ်းဆီးခိုင်းလိုက်လေသည်။ မောင်တင့်တယ်သည် ရဲမက်များ လာဖမ်းသောကြောင့် ခုခံပြီး ထွက်ပြေးရင်း နဂါးမင်း၏* သမီးတော် ရွှေနဘေနှင့် ခတွေ့ဆုံ ချစ်ကြိုက်ပြီး ရှင်ဖြူ၊ ရှင်ညိုခေါ်သော သားနှစ်ယောက် ရခဲ့လေသည်။

တကောင်းမင်းကြီးသည် မောင်တင့်တယ်၏ ရန်ကို ကြောက်လှသောကြောင့် ရုပ်ရည်ချောမောလှပသော နှမအကြီးဖြစ်သူ မြတ်လှကို သိရီစန္ဒာဟူသော ဘွဲ့နာမည်ပေး၍ အဂ္ဂမဟေသီတောင်ညာစံမိဖုရားကြီးမြှောက်ပြီး အယုံသွင်း၍ မောင်တင့်တယ်ကို ပြန်ခေါ်ခိုင်းလေ၏။ မြတ်လှကလည်း ဘုရင်၏အကြံအစည်ကို မရိပ်မိဘဲ မောင်တင့်တယ်အား ဒုက္ခမပေးတန်ရာဟု တွေး၍ ထွက်ပြေးတိမ်းရှောင်နေသော မောင်ကြီးကို အခေါ်လွှတ်လိုက်လေသည်။ မောင်တင့်တယ်ကလည်း မိမိ၏နှမဖြစ်သူ မြတ်လှ

ကိုယ်တိုင်က အခေါ်ခိုင်းလိုက်သောကြောင့် ဘေးဒုက္ခများ မရှိနိုင်ဟု ယူဆ၍ တကောင်းပြည်သို့ ပြန်လာရာ လမ်းတွင် အဖမ်းခံလိုက်ရပြီး စကားပင်၌ လက်ပြန်ကြိုးတုပ်ထားခြင်း ခံရလေသည်။

တကောင်းမင်းကြီးသည် ဝမ်းသာအားရဖြင့် ဖမ်းမိထားသော မောင်တင့်တယ်ကို စကားပင်နှင့်အတူ မီးတိုက်သတ်ရန် အမိန့်ပေးနေသည်ကို မိဖုရားကြီး သီရိစန္ဒာက ကြားသိရ၍ အစ်ကိုကြီးမှာ မိမိကြောင့် အသက်သေရသည်ဟု တွေးပြီး မောင်တင့်တယ်ကို မီးရှို့သတ်ရာ မီးပုံထဲသို့ ခုန်ဆင်းလေသည်။

တကောင်းမင်းကြီးသည် မိဖုရားကြီးသီရိစန္ဒာကို လိုက်လံဆွဲသော်လည်း မဖမ်းမိဘဲ ဆံထုံးကိုသာ ဖမ်းမိလေသည်။ မောင်တင့်တယ်တို့ မောင်နှမသည် သေဆုံးပြီး နတ်ဖြစ်သွားရာ စကားပင်ကို ကပ်လာသော လူ၊ သူ၊ ကျွဲ၊ နွား တိရစ္ဆာန်များကို ဖမ်းဆီး ပြုစားနေသောကြောင့် တကောင်းမင်းကြီးသည် စိတ်မအေးနိုင်ဘဲ စကားပင်ကို အမြစ်မှ လှန်၍ ဧရာဝတီမြစ်အတိုင်း မျှောလိုက်လေသည်။

ထိုစကားပင်သည် အစဉ်အတိုင်း မျောလာရာ ပုဂံပြည်သို့ အရောက် ကမ်းစပ်၌ တင်နေလေသည်။ ပုဂံပြည့်ရှင် သေဉ်လည်ကြောင်မင်းကို မောင်တင့်တယ်တို့ နတ်မောင်နှမက အိပ်မက်ပေးပြီး မိမိတို့မောင်နှမကို ရုပ်တုထု၍ ကိုးကွယ်ပါက ပုဂံပြည်ကြီးကို ဘေးရန်အပေါင်းမှ ကင်းဝေးအောင် စောင့်ရှောက်ပေးမည်ဟု ပြောသဖြင့် သေဉ်လည်ကြောင်မင်းလည်း မောင်တင့်တယ်တို့ နတ်မောင်နှမကို သနား၍ ပုပ္ပါးတောင်တွင် ရုပ်တုထုပြီး ကိုးကွယ်ထားလေသည်။ ပုဂံ ပြည်သူပြည်သားများသည် မိမိ

တို့၏ အိမ်ရှေ့တွင် နတ်ကွန်းပြုလုပ်၍ ကိုးကွယ်လာကြရာတွင် အနော်ရထာမင်း နန်းတက်လာသောအခါ ဗုဒ္ဓဘာသာကို ကိုးကွယ်၍ အရည်းကြီးအယူဝါဒကို မင်းမိန့်ဖြင့် သုတ်သင်သောကြောင့် မင်းမဟာဂီရိနတ်ကို ကိုးကွယ်သူတို့က အိမ်ရှေ့တွင် နတ်ကွန်းနှင့် မထားရဲဘဲ အိမ်တွင်း၌သာ အုန်းသီးချိတ်ဆွဲ၍ ကိုးကွယ်ကြလေသည်။ ၎င်းကို အစွဲပြု၍ အိမ်တွင်း မင်းမဟာဂီရိ နတ်မောင်နှမ' ဟု ခေါ်တွင်လာကြလေသည်။

မောင်တင့်တယ်၏ ဇနီး နဂါးမင်းသမီး ရွှေနဘေသည် မောင်တင့်တယ်ကို မီးရှို့သတ်ပစ်သည်ဟု သတင်းကြားရသည်နှင့် ရင်ကွဲနာကျ သေဆုံးပြီး ရွှေနဘေနတ်ဟု ထင်ရှားလေသည်။ မောင်တင့်တယ်၏ သားနှစ်ယောက်ဖြစ်သော ရှင်ဖြူနှင့် ရှင်နီ တို့သည် ခွန်အားဗလ ကြီးမားလှသောကြောင့် မူးမတ်တို့က ဒွတ္တဘောင်မင်းကြီးထံ၌ ဆက်သ၍ တစ်ဖက်လှည့်ဖြင့် ညီအစ်ကို နှစ်ယောက်အား သွေးခွဲပြီး လက်ဝှေ့ထိုးခိုင်းရာ လက်ဝှေ့ပွဲတွင် ညီငယ် သေဆုံးပြီး တောင်မကြီးနတ်ဖြစ်သွား၍ မကြာမီတွင်ပင် အစ်ကိုကြီးလည်း ဒဏ်ရာဖြင့် သေဆုံးပြီး မောင်မင်းရှင်နတ် ဖြစ်လာလေသည်။

မောင်တင့်တယ်၏ မိဘနှစ်ပါးမှာ ရင်ကွဲနာကျသေဆုံးပြီး သီမငယ်ဖြစ်သူ မဒွေးဖြူသည် တကောင်းမင်းကြီး၏ ရန်ကို ကြောက်လှသောကြောင့် ပြည်မြို့သို့ ထွက်ပြေးရာ၌ ဒွတ္တဘောင် မင်းကြီးက ကောက်ယူပြီး မိဖုရားမြှောက်ရာတွင် သဘောမမျှ၍ ရက်ကန်းခတ်ပြီး အသက်မွေးရလေသည်။ ဒွေးဖြူသည် သမီးငယ် ရှင်နဲ့မိကို မွေးဖွား၍ မကြာမီပင် သေဆုံးရာ သမီးငယ်သည်လည်း သေဆုံးပြီး နတ်ဖြစ်သွားကာ 'ရှင်နဲ့မိနတ်' ဟု ထင်ရှားလေသည်။

## အိမ်တွင်း မင်းမဟာဂီရိနတ်နှင့် အုန်းဆွဲရန်

အုန်းသီးတစ်လုံး၊ အုန်းသီးချိတ်ဆွဲရန် ဆိုင်းတော်တစ်ခု၊ အနုလွတ် ငှက်ပျောသီးသုံးဖီး၊ ဘောင်းတော်တစ်ခု၊ ယပ်တစ်ချောင်း၊ ကွမ်းယာ သုံးယာ၊ သပြေပန်း၊ စံပယ်ပန်း၊ နှင်းဆီပန်း၊ လက်ဖက်၊ ကြက်သွန်ကြော်၊ နှမ်း။

ဇလုံသန့်သန့်တစ်လုံးတွင် ရေဆေးပြီးသား ငှက်ပျောသီးသုံးဖီးကိုထည့်၍ အလယ်မှ ရေဆေးပြီးသားအုန်းသီးကို ထည့်ပါ။ အုန်းသီးပေါ်တွင် စံပယ်ပန်းကို တင်၍ ဘေးဖက်၌ သပြေပန်းနှင့် နှင်းဆီပန်းများကို ထိုးထားပါ။ လက်ဖက်အသားကို ဆီနှင့်ဆား ထည့်၍ နယ်ပြီး အပေါ်မှ ကြက်သွန်ကြော်နှင့် နှမ်းကို ဖြူးပြီး တစ်ပန်းကန်ထားပါ။ သောက်ရေသန့်သန့်တစ်ခွက်ကို ထားပါ။ ပြီးလျှင် နံ့သာဖြူရည် မပျစ်မကျဲ သွေး၍ ၎င်းနံ့သာရည်ကို အုန်းတော်နှင့် ငှက်ပျောသီးများပေါ်သို့ သပြေခက်နှင့် ဖြည်းဖြည်းချင်း ပက်ဖျန်းပေးပါ။

အားလုံးပြီးလျှင် အိမ်တွင်း ဖခင်ကြီးအား တင်မြှောက်လျှောက်ထားပါ။

"လူနေအိမ်မှန်သမျှကို အမှန်တကယ် ပိုင်သတော်မူသည့် အိမ်တွင်းဖခင်ကြီးအား ဤကန်တော့ပွဲကို အပ်နှံပါသည်။ ဤသို့ အပ်နှံလှူဒါန်းသည့် တပည့်တော်တို့ကို ယနေ့မှစ၍ အိမ်တွင်းရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဆွေရေးမျိုးရေးမှ စပြီး အရေးအားလုံးတွင် ချောမောပြေပြစ်အောင် ဖခင်ကြီးက ကူညီစောင့်ရှောက်တော်မူပါ"ဟု ပြော၍ အုန်းတော်ကို ဆိုင်းထဲသို့ ထည့်ပါ။ ကြွက်မြီးကို အိမ်၏ အတွင်းပိုင်းတွင် ထားပြီး

ဖောင်းတော်ကို အုန်းတော်၌ အလိုက်သင့် ထားပေးရမည်။ ဖောင်းတော်စ၏ တစ်ဖက်တစ်ချက်တွင် သပြေပန်းနှင့် နှင်းဆီပန်းများ ထိုးပါ။ ယပ်သွင်းရာ၌ အတွင်းခုနစ်ချက်၊ အပြင်ခုနစ်ချက် ယပ်သွင်းပါ။ အတွင်းခုနစ်ချက် ယပ်သွင်းရာ၌ "ယနေ့မှစ၍ ဤမိသားစုအိမ်ထောင်အတွင်းသို့ ရွှေငွေရတနာ စီးပွားချမ်းသာ လာဘ်လာဘများကို သွင်းပေးပါ ဖခင်ကြီးခင်ဗျား" ဟု ရွတ်ဆို လျှောက်ထားပါ။

အပြင်ခုနစ်ချက် ယပ်သွင်းရာ၌ "ယနေ့မှစ၍ ဤမိသားစု အိမ်အတွင်းသို့ ဝင်ရောက်လာမည့် ဘေးရန်အန္တရာယ်သောကာ ဒုက္ခအပေါင်းတို့ကို ဖယ်ရှားပေးပါ ဖခင်ကြီးခင်ဗျား" ဟု ရွတ်ဆို လျှောက်ထားပါ။

အားလုံးကိစ္စပြီးလျှင် အိမ်တွင်း ဖခင်ကြီးအတွက်ဟု ရည်ရွယ်၍ ဂုဏ်တော်ပုတီး ကိုးပတ် စိပ်ပေးပြီး အမျှဝေပါ။ မေတ္တာပို့ပါ။

## ပုန်းမကြည်ရှင်မ

ပုန်းမကြည်ရှင်မသည် လယ်သမား၊ ယာသမားများ အထူး ယုံကြည်ကိုးကွယ်ကြသော နတ်တစ်ပါးဖြစ်လေသည်။ ဂေါတမ မြတ်စွာဘုရားကိုယ်တိုင် နေရာပေးခဲ့ရသော နတ်တစ်ပါးလည်း ဖြစ်သည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူခင် ကာလအချိန်က ဗြဟ္မဏ ပုဏ္ဏားအနွယ်ဝင် သူဌေးသားသည် အမျိုးအ[illegible]မပြတ် စေရန် မိခင်ပေးစားသော မိန်းမပျိုလေးနှင့် လက်ထပ်လိုက် လေသည်။

## အိမ်တွင်း မင်းမဟာဂီရိနတ်နှင့် အုန်းဆွဲရန်

အုန်းသီးတစ်လုံး၊ အုန်းသီးချိတ်ဆွဲရန် ဆိုင်းတော်တစ်ခု၊ အနှာလွတ် ငှက်ပျောသီးသုံးဖီး၊ ဘောင်းတော်တစ်ခု၊ ယပ် တစ်ချောင်း၊ ကွမ်းယာ သုံးယာ၊ သပြေပန်း၊ စံပယ်ပန်း၊ နှင်းဆီပန်း၊ လက်ဖက်၊ ကြက်သွန်ကြော်၊ နှမ်း။

ဇလုံသန့်သန့်တစ်လုံးတွင် ရေဆေးပြီးသား ငှက်ပျောသီး သုံးဖီးကိုထည့်၍ အလယ်မှ ရေဆေးပြီးသားအုန်းသီးကို ထည့်ပါ။ အုန်းသီးပေါ်တွင် စံပယ်ပန်းကို တင်၍ ဘေးဖက်၌ သပြေပန်းနှင့် နှင်းဆီပန်းများကို ထိုးထားပါ။ လက်ဖက်အသားကို ဆီနှင့် ဆား ထည့်၍ နယ်ပြီး အပေါ်မှ ကြက်သွန်ကြော်နှင့် နှမ်းကို ဖြူးပြီး တစ်ပန်းကန်ထားပါ။ သောက်ရေသန့်သန့်တစ်ခွက်ကို ထားပါ။ ပြီးလျှင် နံ့သာဖြူရည် မပျစ်မကျဲ သွေး၍ ၎င်းနံ့သာ ရည်ကို အုန်းတော်နှင့် ငှက်ပျောသီးများပေါ်သို့ သပြေခက်နှင့် ဖြည်းဖြည်းချင်း ပက်ဖျန်းပေးပါ။

အားလုံးပြီးလျှင် အိမ်တွင်း ဖခင်ကြီးအား တင်မြှောက် လျှောက်ထားပါ။

"လူနေအိမ်မှန်သမျှကို အမှန်တကယ် ပိုင်သတော်မူသည့် အိမ်တွင်းဖခင်ကြီးအား ဤကန်တော့ပွဲကို အပ်နှံပါသည်။ ဤသို့ အပ်နှံလှူဒါန်းသည့် တပည့်တော်တို့ကို ယနေ့မှစ၍ အိမ်တွင်းရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဆွေရေးမျိုးရေးမှ စပြီး အရေးအားလုံးတွင် ချောမောပြေပြစ်အောင် ဖခင်ကြီးက ကူညီ စောင့်ရှောက်တော်မူပါ" ဟု ပြော၍ အုန်းတော်ကို ဆိုင်းထဲသို့ ထည့်ပါ။ ကြွက်မြီးကို အိမ်၏ အတွင်းပိုင်းတွင် ထားပြီး

ထိုမိန်းကလေးသည် နှစ်အတန်ကြာသော်လည်း ပဋိသန္ဓေ မရှိသည့်အတွက်ကြောင့် မိခင်က နောက်ထပ်အိမ်ထောင် ထပ်၍ ပြုရန် တိုက်တွန်းပြန်ရာ သူဌေးသားသည် မိမိ၏ ဇနီးကို ငဲ့ညှာပြီး အိမ်ထောင်သစ် မထူဘဲ နေလေသည်။

ထိုအခါ ဇနီးသည်သည် မိမိ၏လင်ယောကျ်ားကို သနား ညှာတာ၍ အိမ်ထောင်ထပ်ပြုရန် သဘောတူလိုက်လေသည်။ ထိုအခါမှ သူဌေးသားလည်း မိန်းမငယ်တစ်ယောက်နှင့် အိမ် ထောင်ပြုလိုက်လေသည်။ မကြာမီပင် ဒုတိယဇနီး၌ ပဋိသန္ဓေ ရှိလာရာ သူဌေးသားနှင့်မိခင်တို့သည် ပထမဇနီးကို လျစ်လျူရှု၍ ဒုတိယဇနီးကိုသာ ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့လေသည်။

ထို့ကြောင့် ပထမဇနီးသည် ဒုတိယဇနီးကို မနာလိုဝန်တို၍ ပဋိသန္ဓေမတည်နိုင်သော အဆိပ်ဆေးများကို ကျွေးလေသည်။ ထိုအဆိပ်ဆေးများသည် ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် လူကို မထိခိုက်သော်လည်း တတိယအကြိမ်တွင်မူ ကိုယ်ဝန်ရင့် နေ၍ ကလေးရော မိခင်ပါ အသက်ဆုံးရှုံးသွားရလေသည်။

ဤသို့ဖြစ်ရသည်မှာ ပထမဇနီး၏ လက်ချက်ကြောင့်ဟု သိရ၍ "နောက်ဘဝတွင် ပထမဇနီး၏ သားသမီးများကို စား သောက်ရသောသူ ဖြစ်ရပါလို၏" ဟု ဆုတောင်းပြီး သေဆုံး သွားရာ ထိုအိမ်၌ ကြောင်မဖြစ်လာလေသည်။ ပထမဇနီး၏ ယုတ်မာမှုကို သိရှိသွားသော သူဌေးသားသည် ပထမဇနီးကို ရိုက်နှက်ကန်ကျောက်၍ နှိပ်စက်သောကြောင့် သေဆုံးသွားပြီး သူဌေးသား၏အိမ်မှာပင် ကြက်မ ဖြစ်လာလေသည်။ ကြောင်မ သည် ကြက်မမွေးသမျှသော သားပေါက်ကလေးများကို ခိုးဝှက် စားသောက်သောကြောင့် ကြက်မလည်း စိတ်နာပြီး "နောက်

ဘဝတွင် ကြောင်မ၏သားသမီးများကို စားသောက်ရသောသူ ဖြစ်ရပါလို၏”ဟု ဆုတောင်းပြီး သေဆုံးရာတွင် ကြက်မသည် ကျားမဖြစ်၍ ကြောင်မသည် သမင်မဖြစ်လာလေသည်။ ထိုဘဝတွင် သမင်မက မွေးလိုက် ကျားမက လာစားလိုက်နှင့် သမင်မွေးရင်း ကျားစားရင်းဖြစ်နေလေသည်။ လူ့ဘဝတွင် ထားရှိခဲ့သော အညိုးအတေး အမုန်းတို့သည် တိရစ္ဆာန်ဘဝတွင်ပါ မပြီးပြတ်နိုင်ဘဲ သံသရာလည်လျက် ရှိနေလေသည်။

ထိုသို့ အဖန်ဖန်သံသရာလည်၍ နောက်ဆုံးတွင် ကျားမက လူမိန်းမ ဖြစ်လာပြီး သမင်မမှာ ဘီလူးမ ဖြစ်လာလေသည်။ ထိုအချိန်သည် ဂေါတမမြတ်စွာဘုရား အထင်အရှားပွင့်တော်မူပြီးချိန်ဖြစ်သည်။ လူမနှင့်ဘီလူးမတို့သည် ဘဝအဆက်ဆက်က ရန်ငြိုးအတိုင်း လူမက မွေးဖွားတိုင်း ဘီလူးမက ဥပါယ်တံမျဉ်ဖြင့် လူယောင်ဆောင်၍ ကလေးငယ်ကို လုယူစားလေသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် ကလေးငယ်များပါသွား၍ တတိယအကြိမ်တွင် ဘီလူးမ မသိအောင် ကလေးငယ်ကို မွေးဖွားလိုက်လေသည်။

ထို့ကြောင့် ၎င်းကလေးငယ်ကို ကျန်းမာချမ်းသာစေရန် ဦးခေါင်းရေဆေးပေးနေစဉ် ဘီလူးမ လာနေသည်ကို မြင်ပြီး ထွက်ပြေးရာ ဂေါတမမြတ်စွာဘုရား တရားဟောနေသော ကျောင်းတိုက်ထဲသို့ ဝင်ပြေး၍ ကလေးငယ်ကို မြတ်စွာဘုရား၏ ခြေတော်ရင်းသို့ ချ၍ “ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဗာပည့်တော်တို့ သားအမိကို ကယ်တော်မူပါ အရှင်ဘုရား” ဟု တောင်းပန်လျှောက်ထားလေသည်။ ဘီလူးမသည် လူမိန်းမ သွားရာနောက်သို့ လိုက်လာရာတွင် မြတ်စွာဘုရား၏ သွန်သင်

ဆုံးမ ဟောပြောမှုကြောင့် ဘီလူးရုပ်သွင် မပျောက်သော်လည်း သောတာပန် ဖြစ်သွားလေသည်။

ထို့နောက် မြတ်စွာဘုရားက လှမိန်းမအား ခေါ်ပြီး အိမ်ဘေးတွင် အဖီကလေးလုပ်၍ ဘီလူးမကို နေရာပေးစေလေသည်။ လူအပေါင်းတို့သည် ဘီလူးမကို မကြာခဏ လာရောက်ကြည့်ရှုကြသောကြောင့် ဘီလူးမသည် ပုန်းနေရလေသည်။ ထိုသို့ ပုန်းနေရသောကြောင့် 'ပုန်းမကြီး'ဟု ခေါ်ဆိုကြရာမှ ကာလရွေ့လျော၍ 'ပုန်းမကြည်'ဟု ဖြစ်လာလေသည်။

ထို့ကြောင့် ဘီလူးမသည် လူတို့နှင့် ဝေးရာ တောထဲ၌ သွားရောက်နေထိုင်၍ လှမိန်းမက နေ့စဉ် ယာဂုနှင့် ထမင်းတို့ကို စားဦးစားဖျားကျွေးပြီး လုပ်ကျွေးပြုစုလေသည်။ ဘီလူးမသည် ကျေးဇူးတုံ့ပြန်သောအားဖြင့် နွေရာသီတွင် စိမ်းလန်းစိုပြည်သော လယ်ကွက်များကိုရှာဖွေပေး၍ မိုးရာသီ၌ ရေမလွှမ်း မိုးမဖျက်ဆီးနိုင်သော ကုန်းချိုင့်ဝှမ်းတို့ကို ရှာဖွေပေးလေသည်။ ထို့ကြောင့် လှမိန်းမတို့သားအမိမှာ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်း၍ စိတ်အေးချမ်းသာစွာ နေထိုင်ရလေသည်။ တခြား ယာသမား၊ လယ်သမားများက မိမိတို့သီးနှံများ ပျက်စီးဆုံးရှုံးသော်လည်း လှမိန်းမတို့သားအမိ၏သီးနှံများ အောင်မြင်ဖြစ်ထွန်းနေသည်ကို မြင်၍ မေးမြန်းရာ ဘီလူးမမှ ကူညီသည့်အကြောင်းကို သိရှိရလေသည်။

ဤတွင် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဘီလူးမအကြောင်းကို ပြောဆိုရာတွင် ဘီလူးမကို တင်မြှောက်ပ,သရန်ကိုပါ သိရှိလာကြလေသည်။ ဘီလူးမသည် ဆိတ်ငြိမ်သော တောထဲ၌ ပုန်းအောင်းနေထိုင်ရ၍ စိတ်ကြည်လင်ခြင်းကြောင့်

'ပုန်းမကြည်'ဟု ခေါ်ဆိုရာမှ 'ပုန်းမကြည်ရှင်မ'ဟု ခေါ်တွင်လာလေသည်။

## ကိုးကွယ်ပသနည်း

ပုန်းမကြည်ရှင်မကို ဘုရားစင်၏အောက်ဘက်၌ ထား၍ သက်သတ်လွတ်ဆွမ်းတစ်ပွဲ၊ ထန်းလျက်တစ်ပွဲ၊ သောက်ရေတစ်ခွက် ထားပေးရမည်။ ပုန်းမကြည်ရှင်မကို လယ်သမားများ ကောက်ရိတ်သိမ်းပြီးချိန်တွင် ကောက်လှိုင်းထုံးကြီးကို မိန်းမဝတ်စုံ ဝတ်ဆင်ပေးပြီး ကောက်ညှင်းပေါင်း၊ အုန်း၊ ငှက်ပျောကန်တော့ပွဲတစ်ပွဲ၊ မုန့်ဖြူ၊ မုန့်နီ၊ ဘီး၊ မှန်၊ ကျောက်ပျဉ်တို့ကို လှည်းဦး၌ တင်၍ လူငယ်လူရွယ် ကာလသားများက စပါးပုံကို ခုနစ်ပတ်လှည့်၍ အတိုင်အဖောက်ညီညီ သံချပ်ထိုးပါက စပါးပိုထွက်သည်ဟု လယ်သမားများက ယုံကြည်ကြသည်။ တချို့အရပ်များတွင် အိုးစည်ဗုံမောင်းများ တီး၍ သံချပ်ထိုးကြသည်။

| | |
|---|---|
| **တစ်ယောက်က** | – ပုန်းမကြည်ရှင်မဟု ဆိုလျှင် |
| **အများက** | – နို့ဖျဉ်း ကိုးထောင်ကျ |
| **တစ်ယောက်** | – လှည်းဦးပေါ်မှာ သုံးထောင်ကျော် |
| **အများ** | – တို့လယ်စပါး၊ နို့စပါး |
| **တစ်ယောက်** | – မထွက်သင့်လား၊ ထွက်သင့်လားဟေ့– |
| **အများ** | – ထွက်သင့်ပေ–ထွက်သင့်ပေ– |
| **အားလုံးစုပေါင်းဆို** | – 'ဟေလာမောင်တို့–ဝါး–'ဟူ၍ သံချပ်ထိုးရသည်။ |

ထို့ပြင် စပါးလှေ့ရာ၌ လေတိုက်အားနည်းနေပါက–

**တစ်ယောက်** – ပုန်းမကြည်ရှင်မဟု ဆိုလျှင်

**အများ** – တို့များတောင်သူ ပူလှပြီဟော့–

**တစ်ယောက်** – ပုန်းမကြည်ရှင်မ

**အများ** – တောင်ပေါ်က လေ ခေါ်ခဲ့လေ–ဟု

ပြော၍ စပါးလှေ့လျှင် စပါးလှေ့လောက်အောင် လေတိုက်လာသည်ဟု ယုံကြည်ကြသည်။

အထက်မြန်မာပြည်ရှိ ဒေသများနှင့် မြေလတ်ဒေသများတွင် ပုန်းမကြည်ရှင်မ ပူဇော်ပွဲကို တပေါင်းလဆန်းတွင် ကျင်းပလေ့ ရှိကြပါသည်။

## မြင်းဖြူရှင်

မြန်မာနိုင်ငံတွင် ၃၇–မင်း နတ်များ ရှိသည့်အနက် မြင်းဖြူရှင်နတ်သည်လည်း တစ်ပါးအပါအဝင် ဖြစ်သည်။ မြင်းဖြူရှင်နတ် လေးပါးရှိသည်။ ၎င်းတို့မှာ–

(၁) ယမားမြင်းဖြူရှင်၊ (၂) ကန္ဒီမြင်းဖြူရှင်၊ (၃) ရွှေပြည်ကျွန်းမြင်းဖြူရှင်၊ (၄) ရွှေစစ်သင်မြင်းဖြူရှင်တို့ ဖြစ်လေသည်။

## (၁) ယမားမြင်းဖြူရှင်

ပုပ္ပါးနယ်တွင် ၉၉–ချောင်း ပေါင်းဆုံစီးဆင်းသည့် ဆင်တဲဝခေါ် ယမားချောင်းသည် မိုးညိုချိန်တွင် ခြေလျင် မဆိုထားနှင့်၊ မြင်းစီးသူရဲကောင်းများပင်လျှင် ယမားချောင်းကို ဖြတ်မကူးဝံ့ကြချေ။ မြတ်ကူးသူမှန်သမျှသည် ယမားရေလျဉ်ကြောတွင် မျောပါအသက်ဆုံးရှုံးကြသောကြောင့် ဖြစ်သည်။

ပုပ္ပါးနယ်တွင် မြင်းနှင့် ပတ်သက်လျှင် အတော်ဆုံး၊ အတတ်ဆုံး၊ မြင်းစီးရာတွင်လည်း အကျွမ်းကျင်ဆုံး မြင်းသည် ကျော် ဘွဲ့ရ မြင်းကုန်သည်မူး ဖိုးကျော်လှသည် အလောင်းအစား လုပ်၍ မိုးညိုချိန်တွင် ယမားချောင်းကို သူ၏ အပြေးမြန်လှသော မြင်းဖြူကြီးနှင့်ဖြတ်ကူးလေသည်။ မြင်းကို ကြိမ်သွင်း၍ ယမား ချောင်းကို ဖြတ်ကူးရာ ခွာလေးဖက်တွင် သုံးဖက်လွတ်သော်လည်း ခွာတစ်ဖက်သည် အထက်မှ စီးဆင်းလာသော ယမားချောင်းရေ မလွတ်သောကြောင့် လူရော မြင်းပါ လိမ့်ကျပါသွားပြီး သေဆုံး သွား၍ မြင်းဖြူရှင်နတ်ဖြစ်လာပေသည်။ ၎င်းနတ်သည် ယမား ချောင်း အနီးပတ်ဝန်းကျင် ဒေသများကို အပိုင်စားရသည်ဟု ယုံကြည်ကြသည်။

## (၂) ကန္နီမြင်းဖြူရှင်

ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းကြီး နန်းတက်ပြီးချိန် တွင် ၎င်း၏ ဆွေတော်မျိုးတော် မင်းတစ်ပါးသည် ရာဇဝတ်ဒဏ် သင့်၍ နှင်ထုတ်ခြင်းခံရသောကြောင့် ကလေးအရပ်၌ မြို့သစ် တည်၍ နေလေသည်။ ထိုအရပ်သည် တောင်များပတ်လည်ဝိုင်း၍ တည်ရှိနေသည်မှာ ရာဇဂြိုဟ်ပြည်နှင့်တူလှသောကြောင့် 'ကလေး တောင်ညို ရာဇဂြိုဟ်ပြည်'ဟု ခေါ်တွင်စေလေသည်။

ထိုမင်းသည် မြေးဖြစ်သူ ဖိုးမင်းဖြူအား တောင်ဘက် ကန္နီအရပ်သို့လွှတ်ပြီး နယ်မြေရှာ၍ မြို့သစ်တည်စိုး လေသည်။ ဖိုးမင်းဖြူသည် ချင်းတွင်းမြစ်ကမ်းပါး၏ တောင်ထိပ်ပေါ်တွင် မြို့သစ်တည်လေသည်။

ထိုအကြောင်းကို ပုဂံမင်း ကြား၍ လာရောက်တိုက်ခိုက်သောအခါ ဖိုးမင်းဖြူ၏တပ်ကို မတွန်းလှန်နိုင်ဘဲ စစ်ရှုံး၍ပြန်သွားရလေသည်။ ထိုအခါ ဖိုးမင်းဖြူဘက်မှ မြို့သူတစ်ယောက်က ပြောင်လှောင်၍ ဖင်ကုန်းပြရာတွင် ပုဂံမင်းဘက်မှ စစ်သည်များက နိမိတ်ကောင်းသည်ဟု ယူဆပြီး ပြန်လှည့်၍တိုက်ရာ ဖိုးမင်းဖြူဘက်မှ စစ်ရှုံးလေသည်။ ထို့ကြောင့် ဖိုးမင်းဖြူသည် ၎င်း၏အခြွေအရံများနှင့် မြင်းကိုယ်စီ စီး၍ တောင်ကမ်းပါးထိပ်မှ ချင်းတွင်းမြစ်အတွင်းသို့ ခုန်ချသေဆုံး၍ နတ်ဖြစ်သွားလေသည်။

ထိုနေရာသို့ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်သောအခါ ဖိုးမင်းဖြူနှင့် အခြွေအရံများက ကိုယ်ထင်ရှားပြပြီး နတ်ကွန်းကို တောင်းခံသောကြောင့် မင်းကြီးလည်း သနား၍ ချင်းတွင်းမြစ် တောင်ထိပ်ပေါ်တွင် နတ်ကွန်းဆောက်လုပ်ပေးခဲ့လေသည်။

၎င်း ဖိုးမင်းဖြူနတ်ကို ကန္နီနယ်က မြင်းဖြူရှင်နတ်ဟု သတ်မှတ်၍ ကိုးကွယ်ရိုသေကြသည်။

## (၃) ရွှေပြည်ကျွန်းမြင်းဖြူရှင်

သက္ကရာဇ် ၅၃၃-ခုနှစ်တွင် အလောင်းစည်သူမင်းကြီး၏ မြေးတော် မင်းယဉ်နရသိခ် နန်းတက်၍ အိမ်ရှေ့မင်းသားသည် နရပတိစည်သူမည်၏။

တစ်နေ့တွင် မြင်စိုင်းဝက်ဝင်အရပ်မှ ပြောရှမ်းလူမျိုးတို့သည် တောသို့ ထင်းခုတ်သွားရာ၌ ဝါးလုံးကြီးတစ်ခုအတွင်းမှ သံသေဓ မိန်းကလေးငယ်တစ်ယောက်ကို ရရှိသောကြောင့်

ပြော့ရှမ်းလူမျိုးစု၏ အကြီးအကဲ ဇနီးမောင်နှံတို့မှာ ထိုမိန်းကလေးအား မွေးစားလိုက်လေသည်။

ထိုမိန်းကလေးကို ဝါးလုံးအတွင်းမှ ရရှိသောကြောင့် ဝေဠုဝတီဟု အမည်ပေး၍ ကောင်းစွာ မွေးမြူကြလေသည်။ ဝေဠုဝတီသည် သာမန်အရပ်သူတို့နှင့် မတူဘဲ ရုပ်ဆင်းအင်္ဂါ အလွန်ချောမောလှပသော်လည်း နားရွက်ရှည်နေလေသည်။

ထိုဝေဠုဝတီကို ပြော့ရှမ်းလူမျိုးတို့က မင်းယဉ်နရသိင်္ခထံ ဆက်သရာတွင် နားရွက်ရှည်၍ လက်မခံဘဲ ညီတော် နရပတိစည်သူကို ပေးလိုက်လေသည်။

မင်းယဉ်နရသိင်္ခနှင့် နရပတိစည်သူတို့၏ မယ်တော်ကြီးသည် ဝေဠုဝတီ အိမ်ရှေ့မိဖုရားကို ထီးဟန်နန်းဟန် သင်ပေး၍ နားရွက်ကိုလည်း ကြည့်ကောင်းအောင် ဖြတ်တောက်ပြင်ဆင်ပေးပြီး နန်းတော်ထဲသို့ လက်ဆွဲပြီး ခေါ်လာခဲ့လေသည်။

မင်းယဉ်နရသိင်္ခသည် ခယ်မတော် ဝေဠုဝတီကို မြင်လိုက်သည်နှင့် လွန်စွာ တိမ်းညွတ်တပ်မက်ပြီး ညီတော်ကို အထက်အညာဒေသ ငဆောင်ချမ်းအရပ်တွင် သူပုန်များ ထကြွသောင်းကျန်းနေသည်ဟု လိမ်ဆယ်၍ လွှတ်လိုက်လေသည်။

နရပတိစည်သူသည် မင်းကြီး၏ ပရိယာယ်ကို ရိပ်မိပြီး မြင်းခံ ငပြည့်အား သူ၏မြင်းသူတော်ကို အပ်၍ "ငါ၏အိမ်တော်တွင် တစ်စုံတစ်ရာကိစ္စရှိလျှင် လျင်စေမြန်စေ" ဟု မှာထားခဲ့ပြီး ငဆောင်ချမ်းအရပ်သို့ စစ်ချီလေသည်။ ငဆောင်ချမ်းသို့မရောက်မီ သစ်ဆိမ့်ရွာတွင် ငဆောင်ချမ်းဒေသ၏ အကြောင်းကို ရဲမက်များအား စုံစမ်းခိုင်းရာ၌ ငဆောင်ချမ်းဒေသ၏ တည်ငြိမ်အေးချမ်းပုံကို သိရှိခဲ့ရလေသည်။

ထို့ကြောင့် နရပတိစည်သူသည် သူ၏ ရဲမက်များနှင့် သွေးစည်း၍ နေပြည်တော်ဘက်မှ အထောက်တော်ကို မျှော်နေလေသည်။ မင်းယဉ်နရသိခ်က ညီတော်ဖြစ်သူမှာ သစ်ဆိမ့်ရွာသို့ ရောက်ရှိကြောင်း ကြားသိရလျှင် ခယ်မတော် ဝေဠုဝတီအား သိမ်းပိုက်လိုက်လေသည်။

နရပတိစည်သူ၏အိမ်တော်၌ ရှုပ်ယှက်ခတ်နေစဉ် မြင်းခံငပြည့်သည် နရပတိစည်သူ၏မြင်းသူတော်ကို အရဏ်တက်ချိန်မှစ၍ စီးလာရာ ညနေ နေဝင်ရီသရောတွင် ငါးဘတ်ချောင်းကို ရောက်ရှိရာ မြင်းရော လူပါ ပင်ပန်းသည်နှင့် တောင်ခြေတွင် ခဏနားရင်း အိပ်ပျော်သွားလေသည်။ မြင်းသူတော်သည် ချောင်း၏ တစ်ဖက်ကမ်းတွင် ရှိနေသော နရပတိစည်သူ၏ ကိုယ်နံ့ကို ရသောကြောင့် တစ်ညလုံး ဟီနေလေသည်။

နရပတိစည်သူသည် သူ၏ မြင်း ဟီနေသံကို ကြား၍ စက်တော်မခေါ်နိုင်ဘဲ "ငါ၏မြင်းဟီသံ ကေန်ဖြစ်ခဲ့သော် ဤအုံးတော် ပေါက်စေသား"ဟု မိဌာန်ပြီး အုံးတော်ကို လက်နှင့်သပ်လိုက်ရာ အုံးတော်ပေါက်သွားလေသည်။ ထိုအရပ်ကို ယခုထက်တိုင် 'မလွဲအုံးပေါက်အရစ်' ဟု ခေါ်ဆိုလေသည်။

မြင်းခံငပြည့်သည် အိပ်ရာမှ နိုးလာသောအခါ နံနက်လင်းစ ပြုနေပြီမို့ စိုးရိမ်မကင်းနှင့်လာခဲ့ရာတွင် နရပတိစည်သူ၏ ရှေ့တော်သို့ ရောက်လေသည်။ နရပတိစည်သူက—

"မောင်မင်း– ညက ဘယ်မှာအိပ်သလဲ"

"မှန်လှပါ၊ အချိန်မလှသည်နှင့် တောင်ခြေမှာ ခဏနားရင်း အိပ်လိုက်ပါတယ် ဘုရား"

"ငါ ရှိနေသော နေရာနှင့် မလှမ်းမကမ်းသို့ ရောက်မှ အိပ်ရမည်လော၊ မောင်မင်းကြောင့် ငါလုပ်စရာတွေ နောက်ကျ ကုန်ပြီ"ဟု ပြော၍ "စစ်သူကြီး ဗိုလ်ကျော်စွာ၊ မြင်းခံပြည့် အား ကွပ်မျက်၍ ရေတွင် မျှောစေ" ဟု အမိန့်ပေးလိုက်လေ သည်။

မြင်းခံပြည့်၏ အလောင်းသည် ကျွန်းတစ်ကျွန်းတွင် သွား၍ တင်သောကြောင့် ထိုကျွန်းမှာပင် သင်္ဂြိုဟ်လိုက်လေ သည်။ ၎င်းကျွန်းကို ရွှေပြည့်ကျွန်းဟု ခေါ်၍ ပြည့် အိပ်သော တောင်ကို 'မြင်းလှည့်တောင်'၊ ပြည့်ကို ကွပ်မျက်သောနေရာကို 'ကွပ်တော်ရာ' ဟု ခေါ်သည်။ ပြည့်သည်လည်း မြင်းဖြူရှင်နတ် ဖြစ်လာသည်ဟု ယုံကြည်ကြသည်။

## (၄) ရွှေစစ်သင်မြင်းဖြူရှင်

သက္ကရာဇ် ၆၈၉–ခုနှစ်တွင် နန်းတက်လာသော ပုဂံပြည်၏ နောက်ဆုံးမင်းဆက် စောမွန်နစ်လက်ထက်၌ ပြည်ရွာနယ်ပယ် ဒေသများက မငြိမ်မသက် ထကြွ ပုန်ကန်ကြသည့်အတွက် သားတော် ရွှေစစ်သင်ကို ချီတက်နှိမ်နင်းခိုင်းရာ စစ်မချီဘဲ သောက်စားပျော်ပါးပြီး လောင်းကစားနေ၍ စောမွန်နစ်က စိတ် ဆိုးကာ မြေတွင်းတူး၍ ကိုယ်တစ်ပိုင်းကို မြှုပ်၍ လက်ထိပ်ခတ် အကျဉ်းချ ထားသောကြောင့် သေဆုံးပြီး နတ်ဖြစ်သွားလေသည်။ ၎င်းသည် လှပ၍ လိမ္မာသော မြင်းဖြူကြီးကို စွဲလမ်းသောကြောင့် ရွှေစစ်သင်မြင်းဖြူရှင်နတ် ဖြစ်လာပေသည်။

## မြင်းဖြူရှင်နတ် ကိုးကွယ်ပုံနှင့် တင်မြှောက်ပုံ

မြင်းဖြူရှင်နတ်၏ ရုပ်တုနှင့် ပုံတော်ကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ မြင်းဖြူရှင်နတ်ကို တင်မြှောက်ပ,သရာ၌ အုန်းသီး(၁)လုံး၊ ငှက်ပျောသီး(၃)ဖီး၊ သပြေပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ လက်ဖက်၊ ကွမ်းယာများ စုံလင်စွာ ပါရှိရမည်။ မြင်းဖြူရှင်ကိုယ်တော်ကြီးအတွက် ထန်းလျက်ခဲနှင့် ထမင်း ဦးပေါင်း၊ မြန်မာမုန့်နှင့် အကြော်စုံများကို တင်ရပါမည်။

အားလုံးစုံလျှင် "အဘမြင်းဖြူရှင်ခင်ဗျား၊ ဤကန်တော့ ပွဲကို အဘအတွက် တင်မြှောက်ပါသည်။ သားတို့၊ သမီးတို့၏ ကိစ္စအဝဝကို လျင်မြန်စွာ ပြီးမြောက်အောင်မြင်အောင် ကူညီ မ,စတော်မူပါ အဘမြင်းဖြူရှင်ခင်ဗျား"

အထူးသတိပြုရန်မှာ မြင်းဖြူရှင်နတ်၏ စီးတော်မြင်းသည် မြင်းဖြူဖြစ်၍ မြင်းစာအတွက် မြေစာမြက်သန့်သန့်နှင့် မြင်းစား ကုလားပဲလုံးများကို တစ်ညလုံး ရေစိမ်၍ နောက်နေ့မနက်တွင် အစို့ကလေးများ ထွက်နေသော မြင်းစာပဲကိုသာ ဆက်သ,ရမည်။ ဆက်သပြီးနောက် နေ့တိုင်း ရေလဲပေးရမည်။

## မြင်းဖြူရှင်နတ်ချင်း

ထိုးကွင်းမင်ကြောင် ဆေးနီနှင့် လူယဉ်လှ ပျို့ထိပ်တင် မြင်းဖြူကြီးရှင်၊ ရွှေဖောင်းတော် နီလွှင်လွှင်နဲ့ နေဝင်လျှင် ဝေါကျ ရောက်အောင် မြင်းဝေါက်လို့နှင်၊ ရောက်လိမ့်မယ် ပျိုမထင်နဲ့ မြင်းဖြူရှင်ရွှေယောင်ပွ (တချို့က မြင်းဖြူရှင်ဖိုးကျော်လှ) ဆေး တာသသ။

## မိုးခေါင်ကျောက်စွာနတ်

သက္ကရာဇ် ၅၂၉–ခုနှစ်မှ ၅၃၃–ခုနှစ်ထိ ထီးနန်းစိုးစံ အုပ်ချုပ်ခဲ့သော နရသူမင်းလက်ထက်တွင် အဂ္ဂိရတ်လုပ်ငန်းကို အလွန်ဝါသနာပါသော ရှင်မထီး အမည်တွင်သည့် ဆရာတော် တစ်ပါးရှိခဲ့လေသည်။

ရှင်မထီးဆရာတော်သည် အဂ္ဂိရတ်ပညာအတွက် ဒကာ၊ ဒကာမများထံတွင် လှည့်လည်အလှူခံ၍ အဂ္ဂိရတ်ထိုးသော်လည်း မအောင်မြင်သေးပေ။ အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ဒကာ၊ ဒကာမများမှာလည်း ပစ္စည်းဥစ္စာဆုတ်ယုတ်လာလေသည်။

သို့ရာတွင် မောင်ကျောက်စွာနှင့် မယ်သော်တာတို့သည် သူဌေးဘဝမှ ဆင်းရဲသားဘဝသို့ ရောက်သွားသည့်တိုင်အောင် ဆရာတော်၏ အဂ္ဂိရတ်ပညာကို ကူညီပေးခဲ့လေသည်။

ထို့ကြောင့် ဆရာတော်လည်း မိမိဒကာ၊ ဒကာမများ၏ ဒုက္ခကို ကယ်တင်ရန် နရသူမင်းထံဝင်၍အလှူခံရာတွင် လောဘကြီးသော နရသူမင်းက ရရှိမည့်အကျိုးကို မျှော်ကိုးပြီး ရွှေငွေ ရတနာတို့ကို ကတိထား၍ လှူဒါန်းလိုက်လေသည်။

ဆရာတော်သည် ဓာတ်လုံးကို အောင်မြင်အောင် အမျိုးမျိုး ကြိုးစားပါသော်လည်း မအောင်မြင်ပေ။ ထို့ကြောင့် နရသူမင်းနှင့် ကတိထားခဲ့သည့်အတိုင်း မျက်လုံးနှစ်လုံးကို ဖောက်ထုတ်ခြင်း ခံခဲ့ရလေသည်။ ရှင်မထီးဆရာတော်သည် ဓာတ်လုံးကို စိတ်နာ လှသောကြောင့် ဖိုးသူတော်အား ဓာတ်လုံးကို ကုဋ္ဌိအိမ်ထဲသို့ ပစ်ချခိုင်းလေသည်။ ဓာတ်လုံးသည် ကုဋ္ဌိအိမ်ထဲသို့ ကျသွား သည်နှင့် သိဒ္ဓိမြောက်၍ တောက်ပထိန်လင်းနေလေသောသည်။

ထိုအကြောင်းကို ဖိုးသူတော်က ဆရာတော်အား သွား ရောက်လျှောက်ထားရာ ဖိုးသူတော်အား ဓာတ်လုံးကို ပြန်ဆယ်၍ အားကြောသန့်စင်ပြီး ဈေးသို့ လွှတ်ကာ ရရာ မျက်လုံးတစ်စုံကို

ဝယ်ခိုင်းလေသည်။ ဖိုးသူတော်လည်း ဈေးသို့သွား၍ဝယ်ရာတွင် ဈေးကွဲချိန် ဖြစ်နေသောကြောင့် ဆိတ်မျက်လုံး တစ်လုံးနှင့် နွားမျက်လုံးတစ်လုံးကို ဝယ်ခဲ့လေသည်။

ကျောင်းရောက်လျှင် ဆရာတော်အား အကျိုးအကြောင်း ပြော၍ လျှောက်ထားရာ ဆရာတော်က မျက်လုံးများကို မျက်အိမ် အတွင်းသို့သွင်း၍ မာတ်လုံးနှင့်တို့လိုက်သည်နှင့် မျက်စိနှစ်ကွင်း အလင်းပြန်ရလေသည်။ သို့ရာတွင် ဆိတ်တစ်ဖက်၊ နွားတစ်ဖက် ဖြစ်နေသောကြောင့် ရှင်မ့ထီးအမည်ပျောက်၍ 'ရှင်အဇ္ဇဂေါဏ' အမည်တွင်လာခဲ့လေသည်။

ရှင်အဇ္ဇဂေါဏ ဆရာတော်သည် သူ၏ထွက်ရပ်ပေါက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် ပုဂံနေပြည်တော်မှ ထွက်ခွာ မည်ဖြစ်သောကြောင့် သူ၏ ဒကာ၊ ဒကာမများကို မ,စခဲ့ရာတွင် မုဆိုးမတစ်ဦးလျှင်ပင် စေတီတစ်ဆူ တည်ထားနိုင်သည်အထိ မ,စစောင့်ရှောက်ခဲ့လေသည်။

သို့ရာတွင် သူ၏ ဒကာ၊ ဒကာမအရင်းများ ဖြစ်ကြသော ကျော်စွာနှင့် သော်တာတို့သည် အဝေးသို့ ခရီးသွားနေသော ကြောင့် ဆရာတော်ကို ဖူးခွင့်မရလိုက်ပေ။ ဆရာတော်သည် ဘုရင်နရသူကိုမူ အကြောင်းမကြားခဲ့ပေ။

ရှင်အဇ္ဇဂေါဏဆရာတော်သည် ထွက်ရပ်ပေါက်လုပ်ငန်း တစ်စခန်းပြီးချိန်တွင် ပုဂံသို့ ပြန်ကြွလာရာ ကျော်စွာနှင့်သော်တာ တို့ကို ရွှေငွေရတနာ အများအပြား မ,စခဲ့လေသည်။

ထို့နောက် ဆရာတော်သည် ထွက်ရပ်ပေါက်လုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် စိတ်ချရသော တပည့်တစ်ဦးကို အလိုရှိ၍ ကျော်စွာကို ခေါ်ရာ ကျော်စွာက ဇနီးနှင့် သားကို မခွဲနိုင်၍

မလိုက်သော်လည်း သော်တာမှာမူ ဘာကိုမျှ မစဉ်းစားဘဲ လိုက်သွားလေသည်။ ဆရာတော်နှင့် သော်တာတို့ ခရီးထွက်သွားပြီး မကြာမီပင် ဆရာတော်ကို ရန်ညှိုးထားသော နရသူဘုရင်က ကျော်စွာနှင့် သားဖြစ်သူ ဝံသာတို့ကို ဖမ်းပြီး ဆရာတော် ခရီးသွားရာအရပ်ကို ရိုက်နှက်မေးမြန်းရင်း လက်လွန်၍ ကျော်စွာနှင့် သားဖြစ်သူ ဝံသာတို့ အသက်ဆုံးရှုံးခဲ့ရလေသည်။ ထိုအကြောင်းကို ကြားသိရသော သော်တာမှာ ဝတ်ကြောင်ကို စွန့်၍ ပုပ္ပါးတောင်တွင် ရသေ့မဝတ်ကာ နေထိုင်သွားလေသည်။

ကျော်စွာသည် သေဆုံး၍ နတ်ဖြစ်သွားရာတွင် သူတို့သားအဖကို မတရားသတ်ခဲ့သော နရသူဘုရင် ထီးနန်းစိုးစံရာ ပုဂံပြည်ကို မိုးလေမလာရအောင် ပုပ္ပါးတောင်ကလပ်စွန်းမှနေ၍ ၎င်း၏တန်ခိုးဖြင့် ဖယ်ရှားပစ်ခဲ့လေသည်။ ထို့ကြောင့် ပုဂံပြည်သည် ပူပြင်းခြောက်သွေ့၍ ရာသီဥတုလည်း မမှန်တော့ပေ။

ဤသို့ ပုဂံတွင် မိုးခေါင်ရေရှားသည့်အတွက် အုပ်ချုပ်သူ နရသူမင်းနှင့် ပြည်သူများက ၃၇–မင်းနတ်တို့ကို တင်မြှောက်ပ,သ၍ မေးမြန်းကြရာ ကျော်စွာနတ်၏ လက်ချက်ဖြစ်ကြောင်း သိရှိရလေသည်။

ထို့ကြောင့် နရသူမင်းက ကျော်စွာနတ်ကို ပင့်၍ တောင်းပန်ရာတွင် ကျော်စွာနတ်က နရသူမင်း လွန်သည့်အကြောင်းကို ပြည်သူများအား ပြသရန် လွန်ကြိုးကို တစ်ဖက်တစ်ချက်စီဆွဲ၍ လွန်ခေါင်းပေါ်မှ စီးရမှ ကျေနပ်နိုင်မည်ဟု ပြောသောကြောင့် ထိုအချိန်မှစ၍ ယခုတိုင်အောင် ပုဂံပြည်တွင် မိုးခေါင်ရေရှားလျှင် လွန်ခေါင်းတပ်၍ လွန်ဆွဲပွဲများကို ကျင်းပလေ့ရှိကြပါသည်။ 'မိုးခေါင်ကျော်စွာနတ်'ဟုလည်း ထင်ရှားလာခဲ့လေသည်။

## တင်မြှောက် ပ,သနည်း

လွှန်ပွဲကျင်းပရန် နေရာကျယ်ကျယ်တွင် အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်းယာတို့ကို စင်မြင့်တစ်ခုပေါ် တင်၍ မိုးခေါင်ကျော်စွာနတ်ကို ပင့်ဖိတ်ရမည်။ ပင့်ရာတွင် "မိုးတိမ်ကို ချုပ်နှိမ်နိုင်စွမ်းရှိသူ မိုးခေါင်ကျော်စွာသခင်ကြီးခင်ဗျား၊ ကျွန်တော်မျိုးတို့၏ မြို့ရွာနယ်ပယ်ဒေသများသည် သခင်ကြီး၏ တားမြစ်မှုကြောင့် မိုးမရွာဘဲ ကောက်ပဲသီးနှံများ၊ တိရစ္ဆာန်များနှင့် ကျွန်တော်မျိုးတို့မှာ ရေရှားသောကြောင့် ဒုက္ခအမျိုးမျိုးကို ကြုံတွေ့နေရပါ သည်။ သို့ပါ၍ သခင်ကြီး စိတ်ကြည်လင်ကျေနပ်စေရန် မြို့ရွာအနှံ့ လွှန်ခေါင်းတပ်၍ လွှန်ဆွဲပွဲများကို ကျင်းပပေးပါတော့မည် သခင်ကြီးခင်ဗျား" ဟု ပြောဆို လျှောက်ထား၍ ကန်တော့ပွဲကို သုံးကြိမ်မြှောက်ကာ "လွှန်ခေါင်းကိုစီး၍ မိုးသားများကို အထင်အရှားပြတော်မူပါ မိုးခေါင်ကျော်စွာ နတ်မင်းခင်ဗျား" ဟု သံပြိုင်အော်ရပေမည်။

လွှန်ဆွဲပွဲတွင် လွှန်ကြိုးသည် ကြိုးအကြီးဆုံးဖြစ်ရပါမည်။ လွှန်ကြိုးသည် လူတစ်ဖက်လျှင် ငါးယောက်စီ ဆွဲနိုင်သောကြိုးဖြစ်ရမည်။ လွှန်ခေါင်းသည် အားကောင်းမောင်းသန်ယောကျ်ားဖြစ်ရမည်။ လွှန်ဆွဲသူများတွင် မိုးကို အမှန်တကယ်တောင့်တ၍ သခင်ကြီးကျော်စွာနတ်ကို ယုံကြည်သူများသာ ဖြစ်ရပါမည်။

## မိုးခေါင်ကျော်စွာ နတ်ချင်း

မင်းကျော်စွာ လာမည့်လမ်း ရွှေဂံသူတို့ကြိုလှည့်စမ်း၊ ညိုရွှေပန်းကိုတဲ့လက်မှာကိုင် ယိမ်းတဲ့လို့ယိုင်၊ ကွမ်းစည်ကိုင် အလယ်ကြဖ်းမှာ ပင့်သံမြှောက်သံ သည်မောင်ကြားတယ်၊ တောင်ပုပ္ပါးရယ်က လာခဲ့တယ်၊ လာခဲ့တယ်၊ သုံးဆယ်ကျော် ခုနစ်မင်းရယ်၊ နတ်ဆိုရင် ခေါင်းက နင်းမယ်၊ ကွင်းလေးလေး ရှောင်ကြရှားလေး။

# နံ့ကရိုင်းမယ်တော်

သက္ကရာဇ် ၁၈၇–ခုနှစ်တွင် ဟံသာဝတီထီးနန်းကို သာမလမင်းကြီး ထီးနန်းစိုးစံ၍ အိမ်ရှေ့မင်းသားမှာ ဝိမလမင်းသားဖြစ်သည်။ မင်းကြီးသည် တိုင်းခန်းလှည့်လည်စဉ် တောင်ယာအလုပ်ဖြင့် အသက်မွေးသော မိန်းကလေးဟစ်ယောက်ကို တွေ့ရှိသဘောကျကာ မင်းချင်းတို့ကို စေလွှတ်၍ ဆောင်ကြဉ်းစေရာ အမျိုးသမီးလေးသည် ကြောက်ရွံ့ထိတ်လန့်ပြီး ရွှေဖရုံခြင်းထဲဝင်ရောက်ပုန်းအောင်းနေစဉ် မင်းချင်းတို့က တွေ့ရှိ၍ ဆောင်ကြဉ်းသွားပြီး မင်းကြီးကို ဆက်သရာတွင် ရွှေဖရုံမယ်ဘွဲ့နှင့် မိဖုရားကြီး မြှောက်လေသည်။ မိဖုရားကြီး ရွှေဖရုံမယ်သည် သားတော်တစ်ပါး ဖွားမြင်ပြီးချိန်တွင် မတ်တော်မောင် ဝိမလမင်းသားက သာမလမင်းကြီးကို လုပ်ကြံ၍ ထီးနန်းသိမ်းယူပြီး မရီးတော်ကိုပင် မိဖုရား ဆက်မြှောက်၍ ကလေးငယ်ကိုမူ ဟံသာဝတီနှင့် သထုံပြည်နယ်ကြား ကွမ်အပ်သာတောစပ်တွင် ပစ်ထားခဲ့လေသည်။

ထိုတောစပ်အနီးရွာမှ ကျွဲများမွေးမြူပြီး လုပ်ကိုင်စားသောက်နေသော မွန်ကရင်လူမျိုး မုဆိုးမကြီး မိနံ့ကရိုင်းမှ ကလေးငယ်ကိုတွေ့ရှိ၍ သားအမှတ်ဖြင့် ကျွေးမွေးပြုစုလေသည်။ ကလေးငယ်ကိုကွမ်အပ်သာတောစပ်တွင် တွေ့ရှိရသောကြောင့် 'အပ်သာ' ဟု အမည်ပေးလိုက်လေသည်။ အပ်သာသည် မြန်မာလိုအားဖြင့် 'နယ်ခြားမင်းသား' ဟု အဓိပ္ပာယ်ရသည်။ ကာလကြာရှည်သောအခါ 'အပ်သာ' မှ 'အသား' ဖြစ်ရလေသည်။

အပ်သာကို အရွယ်ရောက်အောင် ကျွဲခြံမှ ကျွဲနို့များဖြင့် တိုက်ကျွေးပြုစု၍ အရွယ်ရောက်လာသောအခါ၌ မိနံ့ကရိုင်း၏ဖခင်ကြီးက ရန်သူကို ခုခံကာကွယ်နိုင်အောင် လက်ဝှေ့ပညာကိုသင်ပေးလေသည်။

ထိုအပ်သာခေါ် အသားမင်းသားသည် ဟံသာဝတီနယ်မှ အမဲပစ်ထွက်လာသော မုဆိုးတစ်ဦးနှင့်တွေ့၍ ခင်မင်ကာ မိတ်ဆွေဖြစ်သွားလေသည်။ ဟံသာဝတီနယ်သို့ မွန်လူမျိုးများက နှင်ထုတ်လိုက်သော ဟိန္ဒူလူမျိုးများသည် အရပ်ခုနစ်တောင်မြင့်သော လန်ဗားအမည်ရှိ ကုလားကြီးကို ခေါင်းဆောင်၍ သင်္ဘောခုနစ်စင်းနှင့် ရောက်ရှိလာပြီး ဝိမလမင်းကြီးထံ တိုက်ခိုက်ရန် စစ်သဝဏ်လွှာကို ပေးပို့လိုက်လေသည်။

ထိုအကြောင်းကို ဝိမလမင်းကြီး သိရှိတော်မူပြီးနောက် လန်ဗားကို တိုက်ခိုက်ရန် သူရဲကောင်းကို မောင်းကြေးနင်းခတ်၍ ရှာဖွေရာတွင် အပ်သာ၏မိတ်ဆွေမုဆိုးကြီးက အပ်သာအကြောင်းကို ပြောပြလိုက်လေသည်။ ထိုအခါ မှူးမတ်များက ဝိမလမင်းကြီးအား လျှောက်တင်ကြသောအခါ မုဆိုးကို ဦးဆောင်စေ၍ အပ်သာအား အခေါ်လွှတ်လိုက်လေသည်။

အပ်သာသည် မိတ်ဆွေမုဆိုးကြီးကိုယ်တိုင် လာခေါ်သောကြောင့် မင်းချင်းများနှင့်အတူ နန်းတော်သို့ လိုက်ခဲ့လေသည်။ နန်းတော်သို့ရောက်လျှင် မင်းကြီးက လန်ဗားကို နိုင်အောင်တိုက်နိုင်လျှင် သမီးတော်နှင့်လက်ဆက်ပေး၍ အိမ်ရှေ့အရာကိုလည်း အပ်နှင်းမည်ဖြစ်ကြောင်း ပြောလျှင် အပ်သာက "နိုင်အောင်တိုက်ပါမည်၊ ဒါပေမယ့် ခုနစ်ရက်လောက် ဆိုင်းပေးပါ၊ မိခင်ကြီးဆီသို့ ပြန်၍ ခွင့်တောင်းပါရစေ" ဟုပြောပြီး ရွာသို့ပြန်သွားလေသည်။ မိန်ကရိုင်းသည် အပ်သာကို တိုက်ခွင့်ပြု၍ လန်ဗားကို နိုင်အောင် တိုက်ရန် နည်းလမ်းကိုလည်း ပေးလိုက်လေသည်။ အပ်သာသည် မိခင်ထံမှ ခွင့်တောင်းပြီး ပြန်လာရာ လမ်းတွင် မြစ်တစ်စင်းကိုတွေ့၍ ဒီရေမတက်ရအောင် တားမြစ်သောကြောင့်

မြစ်စောင့်နတ်သမီးက စိတ်ဆိုးပြီး အပ်သာအား အချိန်တစ်မောင်း အတွင်း ဒရယ်အမြီး ၁၀၀၀–ကို ရှာဖွေ၍ မိမိသည်လည်း ချည်ခင် ၁၀၀၀–ကို ရအောင်ရှာပြီး တန်ခိုးပြိုင်ကြမည်၊ အကယ်၍ ရှုံးခဲ့သော် 'ရှုံးတဲ့သူက နိုင်တဲ့သူ ခိုင်းရာ လုပ်စတမ်း' ဟု ကတိထားပြီး ယှဉ်ပြိုင်ကြလေသည်။ အပ်သာသည် အချိန်တစ်မောင်းအတွင်း၌ ဒရယ်အမြီး ၁၀၀၀–အား ရှာလာသော်လည်း နတ်သမီးက အမြီး တစ်ချောင်းကို တန်ခိုးနှင့် ကွယ်လိုက်သောကြောင့် အပ်သာက အရှုံးပေးရလေသည်။ ထိုအခါ ရေနတ်သမီးနှင့် ကတိပြုထားသည့်အတိုင်း အပ်သာက မိမိမင်္ဂလာဆောင်လျှင် ရေနတ်သမီး တောင်းဆိုသော ကျွဲခေါင်းကို ဖြတ်ပြီး တင်မြှောက် ပ,သပါမည်ဟု ပြော၍ ဟံသာဝတီပြည်သို့ ဆက်လက်ထွက်ခွာသွားလေသည်။

နေပြည်တော်သို့ရောက်လျှင် လန်ဗားနှင့် တိုက်ခိုက်ရာ မိခင် နည်းလမ်းပေးသည့်အတိုင်း တိုက်ခိုက်သဖြင့် လန်ဗားကို နိုင်လေသည်။ ထိုအခါ ဝိမလမင်းကြီးက ကတိစကားအတိုင်း သမီးတော်နှင့်လက်ဆက်ပေး၍ အိမ်ရှေ့အရာကိုလည်း အပ်နှင်းလေသည်။ ထို့နောက် ရေနတ်သမီးကို ပေးထားခဲ့သော ကတိအတိုင်း မိန်ကရိုင်းကို ခွင့်ပန်၍ ကျွဲခေါင်းနှင့် တင်မြှောက်ပ,သသည်ကို 'နံကရိုင်း ကျွဲနတ်' ဟု ခေါ်သည်။

မင်းကြီးသည် အပ်သာ၏ မျက်နှာကို စိတ်ထဲ၌ ရင်းနှီးနေသောကြောင့် မိန်ကရိုင်းကို ခေါ်မေးရာတွင် မိန်ကရိုင်းက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည့်အခါ မိမိ၏ တူတော်မှန်းသိ၍ အစ်ကိုအပေါ် ကျူးလွန်ခဲ့မိသောအပြစ်ကို တောင်းပန်၍ 'အသကုမ္ဘာ' ဟူသော ဘွဲ့အမည်ပေးကာ ထီးနန်းကို လွှဲအပ်လေသည်။

အသာကုမ္မာမင်းကြီး ထီးနန်းစိုးစံရသောအခါ အမှတ်တရ ဖြစ်စေရန် ကွမ်းအပ်သာတောစပ်တွင် ကျိုက်အပ်သာဘွဲ့နှင့် စေတီတစ်ဆူ တည်ထားခဲ့လေသည်။

အပ်သာရွာ ကျွဲခေါင်းကို ဖြတ်၍ နတ်တင်သည်မှ စပြီး ရိုးရာအစဉ်အလာတစ်ရပ် ဖြစ်လာရာတွင် ကာလကြာ၍ ငါးရံ့ကို နဖားထိုးပြီး တင်မြှောက်လာကြပေသည်။

## ကိုးကွယ်ပုံနှင့် ပ,သပုံ

နံကရိုင်းမယ်တော်သည် အိုးပိုင်၊ အိမ်ပိုင်ဖြစ်အောင် ကူညီသော နတ်ဖြစ်သည်။ ၃၇-မင်းနတ်များတွင် တစ်သီးတစ်သန့် အိမ်ပြင်တွင် နတ်နန်းနှင့်ထားရသော နတ်ဖြစ်သည်။ နံကရိုင်းမယ်တော်သည် ကျွဲနတ်ဖြစ်သောကြောင့် နွားနို့၊ ကျွဲနို့များ မဆက်သရဘဲ အမဲသားကိုလည်း လုံး၀ မစားရပါ။

မယ်တော်ကြီးအတွက် ရေကညွှတ်(သို့မဟုတ်)ရေကန်စွန်း ညွှန့် လတ်လတ်ဆတ်ဆတ်များကို စဉ့်အင်တုံအရွယ်တော်ထဲ တွင် ထည့်၍ အောက်ခြေမှ ရေများများခံပေးရမည်။ သဘောသီး နှင့် သခွားသီး ရရာအသီးတစ်လုံး ကပ်ထားပြီး သောက်တော်ရေ တစ်ခွက်နှင့် ပန်းအိုးတစ်လုံးပါ ထားရှိရပါမည်။ နတ်နန်းကို အစဉ်သန့်ရှင်း၍ ရေကညွှတ်များကို တစ်ရက်ခြားတစ်ခါလဲလှယ် ဆက်သပါ။ ညစဉ် အမွှေးတိုင်နှင့် ဖယောင်းတိုင်များကို နတ်နန်း တွင် ပူဇော်ပါ။ အကယ်၍ အကြောင်းတစ်ခုခုကြောင့် စိတ်ဒုက္ခ ခံစားနေရပါက နံကရိုင်းမယ်တော်၏ နတ်နန်းကို အမွှေးနံ့သာ ရည်နှင့် ပက်ဖျန်း၍ ရုပ်တုကိုလည်း နံ့သာရည်နှင့် ရေချိုးပေးပါ။

ထို့နောက် ရုပ်တုကို နေရာတကျထား၍ ကောက်ညှင်းပေါင်းနှင့် ခေါင်းမဖြတ်ထားသော ကသပိုးငါးကြော်ငါးကောင်ကို ဆက်ပါ။ မုန့်ကြာစေ့ကို အုန်းသီးဖြူး၍ တစ်ပန်းကန်ဆက်ပါ။ နတ်နန်းရှေ့တွင် ကန်တော့ပွဲတစ်ပွဲထားပါ။ ထိုကန်တော့ပွဲတွင် အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်းယာ၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ သပြေပန်း များထည့်ပါ။ အားလုံးစုံလျှင်—

"အမေနံကာရိုင်းခင်ဗျား၊ မယ်တော်ကို ယုံကြည်အားထား၍ ယခုကဲ့သို့ အလှူဒါနများ ပြုလုပ်ပေးပါသည်၊ ဒါကြောင့် သားတို့၊ သမီးတို့ကို အိုးပိုင်အိမ်ပိုင်ရအောင် ကူညီမ,စ၍ စီးပွားလာဘ်လာဘ များကိုလည်း အမေ့ချိုနဲ့သွင်း၊ ခွာနဲ့ရှပ်၍ သွင်းပေးတော်မူပါ။ ဘေးဒုက္ခများကို မြင်တော်မူလျှင်လည်း ခွာနဲ့ယက် ချိုနဲ့ခတ်ပြီး ရပ်တန့်အောင် ပြုလုပ်ပေးတော်မူပါ အမေပဲ့ခွးခင်ဗျား"

## ကိုးမြို့ရှင်

ပန်းတောင်းပြည်တွင် စိုးစံသော မင်းကြီးမင်းလှစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီတို့မှ သားတော် ကိုးမြို့ရှင်နှင့် သမီးတော် ပုလဲယဉ်တို့ကို ဖွားမြင်လေသည်။

မင်းလှစည်သူဘုရင်ကြီး၏ အထူးအားကိုးယုံကြည်ရသော အိမ်တော်ပါ အထိန်းတော်ကြီး ဗလကျော်ခင် ကွယ်လွန်သွားသည့်အတွက် သူ၏သားတော် မြင်းစီးသူရဲကောင်း ဗိုလ်မှူးမင်းကျော်စွာကို ဘုရင့်သားတော်အဖြစ် ချီးမြှောက်၍ သူကောင်းပြုတော်မူသည်။ ဗိုလ်မှူးမင်းကျော်စွာသည် ဘုရင့်သားတော်အဖြစ် ရောက်ရှိသည့် နေ့မှစ၍ ဦးညိုဆိုသူကို အိမ်တော်ဝန်အဖြစ် ခန့်အပ်ပြီး အပျော်အပါး၊ အသောက်အစား၊ လောင်းကစားများလုပ်၍သာ

အချိန်ကုန်နေလေတော့သည်။ ထိုအကြောင်းကို မင်းလှစည်သူ ဘုရင်ကြီးက တစ်စွန်းတစ်စကြားမိသော်လည်း အပြစ်မပြောခဲ့ပေ။

ပန်းတောင်းပြည်၏ ဘုရင်ဧကရာဇ် မင်းလှစည်သူနှင့် ရာဇမဟာမိတ်ဆက်နွယ်နေသော မိုင်းပြင်စော်ဘွား စောခွန်ကြည်ကို ကျိုင်းတောင်းစော်ဘွား စောသီဟက လာရောက်တိုက်ခိုက်သောကြောင့် စောခွန်ကြည်က မင်းလှစည်သူထံ စစ်ကူတောင်းလေသည်။ ထို့ကြောင့် မင်းလှစည်သူက သားတော်ကြီး ကိုးမြို့ရှင်နှင့် သားတော် မင်းကျော်စွာကို ဦးဆောင်စေ၍ စောခွန်ကြည်ဘက်မှ ကူညီတိုက်ခိုက်ရန် စေလွှတ်လိုက်သော်လည်း စောခွန်ကြည်သည် စောသီဟလက်ချက်ဖြင့် သေဆုံးသွား၍ ခွန်ချို၊ ခွန်သာခေါ် သော စောခွန်ကြည်၏ သားတော် ရင်သွေးလေးများကိုသာ ခေါ်၍ ပြန်လာခဲ့ကြလေသည်။

ပန်းတောင်းပြည်သို့ရောက်ရှိသောအခါတွင် မင်းလှစည်သူကို အကြောင်းစုံလျှောက်တင်၍ ခွန်ချို၊ ခွန်သာကို ဆက်သလိုက်လေသည်။ မင်းလှစည်သူက ကလေးနှစ်ယောက်ကို ကိုးမြို့ရှင်နှင့် မင်းကျော်စွာကို တစ်ယောက်စီပေးအပ်မည်ဟု စိတ်ကူးသော်လည်း မင်းကျော်စွာ မွေးစားသော ကလေးငယ်သည် အသောက်အစား လောင်းကစားနှင့် အပျော်အပါးတို့တွင်သာ နစ်မျော၍ စာရိတ္တပျက်စီးသွားမည့်အရေးကို ကြိုတွေးကာ ခွန်ချို၊ ခွန်သာတို့ကို သားတော် ကိုးမြို့ရှင်နှင့် သမီးတော် ပုလဲယဉ်တို့ကိုသာ မွေးစားရန် ပေးအပ်လိုက်လေသည်။ မင်းကျော်စွာကိုမူ ပခန်းမြို့ကို အပိုင်စားပေး၍ အုပ်ချုပ်စေသည်။ ထိုအချိန်မှစ၍ မင်းကျော်စွာအား 'ပခန်းမင်းကျော်စွာ' (သို့) 'ပခန်းဦးမင်းကျော်'ဟု ခေါ်တွင်လာကြလေသည်။

မခန်းဦးမင်းကျော် (ဝါ) မင်းကျော်စွာသည် ခွန်ချို၊ ခွန်သာ ကိစ္စအတွက် ရှက်လည်း ရှက်၊ စိတ်လည်း နာကာ မင်းကြီး မင်းလှစည်သူကို ရန်ညိုးထား၍ ထီးနန်းကို လုပြီး ပုလဲယဉ်ကို မိဖုရားမြှောက်မည်ဟု စိတ်ကူးထားလေ၏။ ထိုသို့စိတ်ကူးထား သည့်အတိုင်း မလုပ်ဖြစ်သေးမီတွင် ခွန်ချို၊ ခွန်သာ ရှမ်းညီနောင် တို့ အရွယ်ရောက်လာသည့်အတွက် မိမိအကြံအစည်ပျက်စီးမည် စိုး၍ နန်းတော်ထဲဝင်ကာ ခွန်ချို၊ ခွန်သာတို့သည် ရှမ်းပြည်သို့ ပြန်ပြီး မိုင်းပြင်နယ်ကို ဖွံ့ဖြိုးတိုးတက်စည်ပင်အောင် သုံးနှစ်ခန့် အုပ်ချုပ်နေထိုင်၍ သူပုန်များ၏ ရန်ကိုလည်း နှိမ်နင်းသင့်ကြောင်း ကို မင်းလှစည်သူ ကျေနပ်လောက်အောင် လျှောက်တင်သော ကြောင့် ခွန်ချို၊ ခွန်သာတို့လည်း ရှမ်းပြည်သို့ သွားရလေသည်။

ခွန်ချို၊ ခွန်သာ ရှမ်းညီနောင်တို့ မိုင်းပြင်နယ်သို့ ရောက် သောအခါ သူပုန်များ မရှိဘဲ အေးချမ်းစွာဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေသည်ကို တွေ့ရသော်လည်း မင်းလှစည်သူ၏ အမိန့် အတိုင်း သုံးနှစ်ခန့် အုပ်ချုပ်နေထိုင်ရလေသည်။

ရှမ်းညီနောင်တို့ မရှိသည့်အချိန်တွင် မင်းကျော်စွာသည် ညအမှောင်ကို အားကိုးပြီး နန်းတော်ထဲဝင်စီးပြီး မင်းလှစည်သူ နှင့် ကူနီဒေဝီတို့ကို လုပ်ကြံ၍ ထီးနန်းလုယူလေသည်။ ကိုးမြို့ရှင် ကိုယ်တော်ကြီးသည် နှမတော် ပုလဲယဉ်ထိပ်ထားကို ထမ်းပြီး ထွက်ပြေးရာ ခမည်းတော် မင်းလှစည်သူ၏ မိတ်ဆွေရင်း ကျောက်ထပ်ရွာမှ သူဌေးကြီးဦးသာမြတ်၏ အိမ်တွင် မထင်မရှား ဆင်းရဲသားဘဝဖြင့် ဇာတ်မြှုပ်၍ နေထိုင်လေသည်။

ထိုသို့နေထိုင်လာရင်း ကိုးမြို့ရှင်ကိုယ်တော်ကြီးသည် ခွန်ချို၊ ခွန်သာတို့၏ သတင်းစုံစမ်းရန် ပုလဲယဉ်ကို သူဌေးကြီးဦးသာမြတ်

ထံတွင် အပ်နှံပြီး ရှမ်းလူမျိုးများကဲ့သို့ ဝတ်စား၍ ရှမ်းပြည်သို့ ခရီးထွက်သွားလေသည်။ ကိုးမြို့ရှင်ကိုယ်တော်ကြီး ခရီးထွက်သွားပြီးနောက်တွင် ပုလဲယဉ်နှင့် သူဌေးသား မောင်လတ်တို့ မေတ္တာမျှ၍ အိမ်ထောင်ပြုကြပြီး သမီး သဲသဲလေးကို မွေးဖွားလေသည်။

ခွန်ချို၊ ခွန်သာတို့သည် သုံးနှစ်ပြည့်၍ ပန်းတောင်းပြည်သို့ ပြန်လာရာ ဦးမင်းကျော်က မိမိသည် အသက်ကြီးပြီဖြစ်၍ ထီးနန်းကို ခွန်ချို၊ ခွန်သာတို့သာ အုပ်ချုပ်ပါဟု ပြောပြီး ထီးနန်းကို လွှဲအပ်၍ ခွန်ချို၊ ခွန်သာတို့ထံမှ ကတိတောင်းကာ သစ္စာရေတိုက်လေသည်။ ခွန်ချို၊ ခွန်သာတို့ သစ္စာရေ သောက်ပြီးနောက်တွင် ဦးမင်းကျော်က ကိုးမြို့ရှင်ကို ရှာဖွေ၍ ဦးခေါင်းကို ဖြတ်ကာ ဆက်သ,ရမည်ဟု ကတိတောင်းသောကြောင့် ခွန်ချို၊ ခွန်သာတို့ မတတ်နိုင်ဘဲ ကိုးမြို့ရှင်ကို လိုက်ရှာကြရလေသည်။ တောတစ်ခုတွင် ကိုးမြို့ရှင်နှင့် ခွန်ချို၊ ခွန်သာတို့ တွေ့ဆုံ၍ ရှမ်းညီနောင်က အကျိုးအကြောင်းပြောပြသောအခါ ကိုးမြို့ရှင်က သူ၏ဦးခေါင်းကို အဓိဋ္ဌာန်ပြု၍ ဖြတ်ပေးလိုက်လေသည်။ ခွန်ချို၊ ခွန်သာတို့သည် ကိုးမြို့ရှင်၏ ဦးခေါင်းကို ရရှိပြီး ဦးမင်းကျော်ထံသို့ ဆက်သရန် သွားရာ ဦးမင်းကျော်က ကြိုတင်ကြံစည်ထားသည့်အတိုင်း ခွန်ချို၊ ခွန်သာတို့ကို သတ်ပစ်လိုက်လေသည်။ ခွန်ချို၊ ခွန်သာတို့သည် အစိမ်းနတ် ဖြစ်ပြီး ဦးမင်းကျော်ကို စိတ်နာလှသောကြောင့် စကားဝါပင်ကို လှဲချရာတွင် ဦးမင်းကျော်နှင့် အိမ်တော်ဝန် ဦးညိုတို့ စကားဝါပင် ပိ၍ သေဆုံးပြီး နတ်ဖြစ်သွားလေသည်။

ကိုးမြို့ရှင်သည် အစိမ်းနတ်ဖြစ်သွားပြီးနောက် နှမတော် ပုလဲယဉ်ကို လာရောက်ကြည့်ရှုရာတွင် အစ်ကိုတစ်သက် နှမတစ်သက် အိမ်ထောင်မပြုပါဟု ကတိပြုထားသည်ကို ချိုးဖောက်

ရုံမျှမက သားသမီးပါထွန်းကားနေသည်ကို တွေ့မြင်ရ၍ လူ့ဘဝ တွင် မထားဘဲ နတ်ဘဝသို့ လိပ်ပြာနတ်ပြီး ခေါ်သွားလေသည်။

ပုလဲယဉ်သည် လူ့ဘဝတွင် ကျန်ရစ်ခဲ့သော သမီးလေးကို မခွဲနိုင်၍ ကြောင်ယောင်ဆောင်ပြီး ပုခက်တွင်းသို့ ခုန်ချရာတွင် သဲသဲလေးမှာ လန့်ပြီး သေဆုံး၍ 'မသဲလေး' နတ်ဖြစ်သွားလေ သည်။ သူဌေးသား မောင်လတ်သည် ဇနီးနှင့်သမီး သေဆုံးသွား၍ ရင်ကွဲနာကျကာ သေဆုံးပြီး နတ်ဖြစ်သွားလေသည်။

ခမည်းတော် မင်းလှစည်သူနတ်က လူ့ဘဝတွင် ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးစားပိုင်သော သားတော်ကိုးမြို့ရှင်ကို နတ်ဘဝ၌ လူအများ ဘေးအန္တရာယ်မရောက်ရအောင် ကာကွယ် စောင့်ရှောက်ရန် မြို့ရွာကို စောင့်ကြပ်သော နတ်တစ်ပါးအဖြစ်နှင့် နေစေ၍ ပုလဲယဉ်၊ မောင်လတ်၊ သဲသဲလေး၊ ခွန်ချို၊ ခွန်သာတို့ သည် ကိုးမြို့ရှင်၏ အခြွေအရံများအဖြစ်နှင့် နေကြရလေသည်။

## တင်မြှောက် ပ,သနည်း

ကိုးမြို့ရှင်နှင့် ပုလဲယဉ်တို့သည် အလွန်ချစ်ကြသော နတ် မောင်နှမဖြစ်သောကြောင့် စားပွဲကို ဆက်သရာတွင် တစ်ပွဲတည်း ဆက်သ,ရပါသည်။ ကိုးမြို့ရှင်နှင့် ပုလဲယဉ်တို့၏ ပုံတော်ကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ သပြေပန်း၊ ကွမ်းယာ၊ လက်ဖက်၊ ဖယောင်းတိုင်၊ အမွှေးတိုင်စုံလင်စွာဖြင့် ကန်တော့ပွဲ ပြင်ပြီးလျှင် ရှမ်းအစားအစာ ဖြစ်သော ငမ်းခေါက်ဆွဲ၊ ပဲပုပ် လိမ္မော်သီးများကို ဆက်သပါ။ ထို့နောက်– "ကိုးမြို့၊ ကိုးတံခါး ကိုးဖလားနှင့် ကိုးစားပိုင်သော ကိုးမြို့ရှင်ကိုယ်တော်ကြီးနှင့်

အမေပုလဲယဉ်တို့အား ဤကန်တော့ပွဲနှင့် စားပွဲကို သားတော်၊ သမီးတော်တို့က တင်မြှောက်ဆက်သပါသည်။ ကျေနပ်ဝမ်းမြောက်စွာဖြင့် လက်ခံစားသုံးတော်မူကြပါ၊ သားတော်၊ သမီးတော်တို့၏ လုပ်ငန်းကိစ္စများတွင် အဖုအထစ်ကလေးများ ရှိနေပါက ကိုယ်တော်ကြီးနှင့် အမေပုလဲတို့၏ လက်သုံးတော်ဓားများဖြင့် ဖယ်ရှားပေးတော်မူပါ။ လာဘ်လာဘများကိုလည်း ဝင်လာရအောင် တံခါးများလည်း ဖွင့်ပေးတော်မူပါ။ သားတော်၊ သမီးတော်တို့ကိုလည်း အစစအရာရာ ကူညီစောင့်ရှောက်တော်မူပါ" ဟုပြော၍ ကန်တော့ပွဲနှင့် စားပွဲကို တင်မြှောက် ပ,သပါ။

လုပ်ရိုးလုပ်စဉ် ဝါဝင်၊ဝါထွက်မဟုတ်ဘဲ ကိစ္စတစ်စုံတစ်ရာကြောင့် ပြုလုပ်ရလျှင်လည်း လူကတိ၊ နတ်ကတိ တည်ပါစေ။

---


စာမူခွင့်ပြုချက်အမှတ် (၅၀၈/၈၈) (၁)

မျက်နှာဖုံးခွင့်ပြုချက် (၃၈/၈၈) (၂)

၁၉၈၈–ခုနှစ်၊ မတ်လ

(ပထမအကြိမ်) အုပ်ရေ – ၅၀၀၀

မျက်နှာဖုံး

ဦးထွန်းလှ၊ အောင်နေဝင်းပုံနှိပ်တိုက် (၀၂၅၉၅)

အမှတ် ၁၄၂၊ ၃၄–လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်လှမြင့်၊ ချိုးဖြူပုံနှိပ်တိုက် (၀၉၆၀)

အမှတ် ၉၁၆၊ သုခိတာ ၂၄–လမ်း၊

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။